# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (12-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် သီရိမင်္ဂလာဓမ္မရတနာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ယင်းကျောင်းဆောင်တော်အထွတ်၌ တည်ထားပူဇော်အပ်သည့် စူဠာမုနိစေတီတော်မြတ်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသည့် စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် သီရိမင်္ဂလာဓမ္မရတနာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ယင်းကျောင်းဆောင်တော်အထွတ်၌ တည်ထားပူဇော်အပ်သည့် စူဠာမုနိစေတီတော်မြတ်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က စူဠာမုနိစေတီတော်မြတ်၏အထွတ်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်နှင့်ဌာပနာသွင်းလှူပူဇော်မည့် ဓာတ်တော်၊ မွေတော်များကို ဓမ္မာရုံတော်အတွင်းမှ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်စဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# မင်္ဂလာရှိစွာပျော်ရွှင်နွှဲ မြန်မာ့ရိုးရာသင်္ကြန်ပွဲ

မြန်မာ့ဆယ့်နှစ်ရာသီပွဲတော်များအနက် အတာသင်္ကြန်ပွဲတော်သည် အထူးခြားဆုံးနှင့်အစည်ကားဆုံးပွဲတော်ဖြစ်သည်။ ထို့ပြင် အတာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ဖြစ်ပြီး လူကြီး၊ လူငယ် ကျား၊ မ မရွေး ပါဝင်ဆင်နွှဲနိုင်သည့် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော မြန်မာ့ရိုးရာပွဲတော်တစ်ခုလည်းဖြစ်သည်။ မြန်မာတို့၏ ရိုးရာအတာသင်္ကြန်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တန်ခူးလတွင်သာ ကျင်းပသည်။

သင်္ကြန်ဆိုသည်မှာ ကူးပြောင်းခြင်းဖြစ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်ဟောင်းမှအညစ်အကြေးများကို နှစ်သစ်သို့ ယူဆောင်မသွားလိုသောကြောင့် အညစ်အကြေးများကို သန့်စင်ဆေးကြောသည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရေစင်သွန်းလောင်းပက်ဖျန်းကြသည်ကို ရေသဘင်ပွဲသင်္ကြန်ပွဲဟု သတ်မှတ်ခေါ်ဆိုကြသည်။

ရှေးအခါက အတာသင်္ကြန်ပွဲ ရေစင်သွန်းလောင်းရာတွင် နံ့သာရည်ကို ငွေဖလား၌ထည့်၍ သပြေရွက်နှင့် ဆွတ်ယူပြီး မိမိရေပက်ဖျန်းလိုသူ၏ ခွင့်ပြုချက်ကိုတောင်းခံကာ ရိုးသားသောစိတ်ရင်းအမှန်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ညင်ညင်သာသာရေစင်ပက်ဖျန်းခဲ့သည်။ ထိုသို့ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အတာသင်္ကြန်ရေပက်ဖျန်းခံရသောသူတိုင်း ပျော်ရွှင်ကြည်နူးကြရသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်သည် လူမျိုးမရွေးပါဝင်ဆင်နွှဲနိုင်သည့်ပွဲတော်ဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို အတာသင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်စေကာ ကိုယ်စိတ်နှစ်ပါးရွှင်လန်းစွာ နှစ်သစ်သို့ ဝင်ရောက်ကြရန်ဖြစ်သည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို အကြို၊ အကျ၊ အကြတ်၊ အတက် ဟူ၍ သတ်မှတ်ကာ ပွဲတော်ရက်များတွင် ရေပက်ဖျန်းခြင်းကို ပျော်ရွှင်စွာဆင်နွှဲကြသည်။ ထို့ပြင် သင်္ကြန်ပွဲတော်ရက်များတွင် ဥပုသ်သီလဆောက်တည်ကြခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ရှင်ပြု၊ ဒုလ္လဘရဟန်းပြု၍ ကုသိုလ်ယူခြင်း၊ သက်ကြီးရွယ်အိုများကို တရော်ကင်ပွန်းတို့ဖြင့် ဦးခေါင်းဆေးမင်္ဂလာပြုပေးခြင်း၊ ခြေသည်း၊ လက်သည်းများညှပ်၍သန့်ရှင်းပေးခြင်း၊ မိဘ၊ ဆရာ၊ ဘိုးဘွားတို့ကို ပူဇော်ကန်တော့ခြင်း၊ မြစ်၊ ချောင်းများတွင် ငါးများကို ဘေးမဲ့လွှတ်ခြင်း၊ ကျွဲ၊ နွား စသည့်တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသည့် မွန်မြတ်သောကောင်းမှုကုသိုလ်များကို နှစ်သစ်ကူးသည့် တန်ခူးလအချိန်အခါတွင် ပြုလုပ်ကြသည်။

ယနေ့ အချို့လူငယ်များသည် အတာသင်္ကြန်ရေကစားကြရာတွင် မီးသတ်ပိုက်များအသုံးပြု၍ ရေကစားခြင်း၊ ရေပူဖောင်းများဖြင့် ပစ်ပေါက်ခြင်း၊ နို့ဆီခွက်များဖြင့် ခွက်စောင်းခုတ်ခြင်းများဖြင့် ကြမ်းတမ်းစွာရေကစားကြသည်။ ထို့ပြင် အချို့သောမိန်းကလေးများလည်း သရုပ်ပျက်အဝတ်များဝတ်ဆင်၍ အရက်သေစာများသောက်စားခြင်း၊ နှုတ်သရမ်း၊ လက်သရမ်းသူတို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသဖြစ်ခြင်း၊ အကျီစားသန်ရာမှ ရန်ပွဲများဖြစ်ခြင်း စသည်တို့သည် မြန်မာ့ရိုးရာအတာသင်္ကြန်ကို အကျည်းတန်စေသည်။

သို့ဖြစ်ရာ မြန်မာတို့၏နှစ်သစ်ကူးပွဲတော်ဖြစ်သည့် အတာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲရာတွင် သရုပ်ပျက်ယဉ်ကျေးမှုများကို ရှောင်ရှားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အတာသင်္ကြန်ပွဲတော်ကို မင်္ဂလာရှိစွာပျော်ရွှင်ပါဝင်ဆင်နွှဲကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မာလဲနတ်တောင်ရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် စဉ့်ကူးမြို့နယ်တွင် နွေသီးနှံဧက ၂၃၅၀ စိုက်ပျိုးပြီးစီး



**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင်ရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် နွေသီးနှံဧက ၂၃၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောပြ၍ သိရသည်။

အဆိုပါ နွေသီးနှံစိုက်ဧကများအတွက် မာလဲနတ်တောင်ရေလှောင်တမံအတွင်း ရေမှတ်မှာ (RL) ၄၂၇ ဒသမ ၃၉ ပေ၊ ရေသိုလှောင်ပမာဏမှာ ၂၃၀၁၉ ဧကပေရှိပြီး စိုက်ပျိုးရေအတွက် အသုံးပြုနိုင်သည့် ရေပမာဏမှာ ၁၅၆၀၉ ဧကပေရှိကာ ပေးဝေနိုင်သည့် ဧကပေကိုတွက်ချက်ပြီး ၎င်းရေလက်ကျန်ပမာဏပေါ်မူတည်၍ စိုက်ပျိုးရေ ပေးဝေစိုက်ပျိုးလျက်ရှိရာ စဉ့်ကူးမြို့နယ်တွင် နွေစပါးဧက ၆၅၀၊ အခြားသီးနှံဧက ၁၅၀၀ စုစုပေါင်း နွေသီးနှံစိုက်ဧက ၂၁၅၀ စိုက်ပျိုးရန်လျာထားခဲ့ပြီး ယနေ့ထိ နွေစပါး ၈၇၉ ဧက၊ အခြားသီးနှံ ၁၄၇၁ ဧက စုစုပေါင်းနွေသီးနှံဧက ၂၃၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မာလဲနတ်တောင်ရေလှောင်တမံ ရေသောက်ဧရိယာအတွင်းမှာရှိတဲ့ တောင်သူတွေအတွက် စိုက်ပျိုးရေတွေ ပြည့်ဝစွာပေးဝေပြီး သီးနှံတွေစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးနေတာပါ။ ရေလှောင်တမံကနေ နွေသီးနှံစိုက်ဧကတွေအတွက် ဖေဖော်ဝါရီ ၁၇ ရက်ကနေ ရေစတင်ပေးဝေပြီး စိုက်ပျိုးခဲ့ပါတယ်။ လျာထားဧကတွေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးရွာသွန်းမှုပေါ်မူတည်ပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေတွေကို ပြည့်ဝစွာပေးဝေသွားမှာပါ။ အခုနှစ်နွေသီးနှံတွေအတွက် တမံအတွင်းအသုံးပြုနိုင်တဲ့ ရေပေါ်မူတည်ပြီး တောင်သူတွေကို စိုက်ပျိုးရေပြည့်ဝစွာပေးနေတာပါ။ တောင်သူတွေ အနေနဲ့ကလဲ ရေကိုစနစ်တကျနဲ့ ချွေတာသုံးစွဲကြဖို့လိုပါတယ်။ ဒါမှ ရေတွေ အလေအလွင့်မရှိဘဲနဲ့ တောင်သူတွေအဆင်ပြေစွာသုံးစွဲနိုင်ကြမှာပါ။ နွေ၊ မိုး ရာသီအလိုက် တောင်သူတွေအတွက် စိုက်ပျိုးရေတွေကို ပေးဝေသွားမှာပါ"ဟု ဦးမျိုးမင်းသန့်က ပြောပြသည်။

မာလဲနတ်တောင်ရေလှောင်တမံမှ ရေသောက်ဧရိယာအတွင်းရှိ ဧကများအတွက် စိုက်ပျိုးရေအပြည့်အဝပေးဝေစိုက်ပျိုးနေပြီး မိုးသီးနှံနှင့် နွေသီးနှံအတွက် အဓိကပေးဝေနေကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ) အရောင်းအဝယ်ကောင်းပြီး ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး မေ ၁၁**

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ) အရောင်းအဝယ်ကောင်းပြီး ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ သင်္ကြန်ကာလတွင် ရေဦးဘက်မှ ထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အဆိုပါအရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ဗမာ)ကို ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရေဦးဘက်ကထွက်တဲ့ ပဲပုပ်(ဗမာ)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကနေပြီး ပဲပုပ်မှာယူမှုကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ ဧပြီလပထမပတ်က ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ခန့်သာရှိခဲ့သော်လည်း ယခုအခါ ပဲပုပ်(ဗမာ) များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ယနေ့ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လတ်တလောတွင် ပဲပုပ်(ရှမ်း) အမျိုးအစားမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# နှစ်သစ်ကူးရုံးပိတ်ရက်ကာလ မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာနှင့် အခြားမြို့များသို့ နေရပ်ပြန်ခရီးသွား များပြား

**မန္တလေး မေ ၁၁**

နှစ်သစ်ကူးရုံးပိတ်ရက်ကာလ မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာနှင့် အခြားမြို့များသို့နေရပ်ပြန်ခရီးသွားများ များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

သင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်သောကြောင့် မန္တလေးမြို့သို့ အလုပ်လာရောက်လုပ်ကိုင်နေသူများ နှစ်သစ်ကူးရုံးပိတ်ရက်ကာလမှစ၍ မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်စသည့်မြို့များသို့ နေရပ်ပြန်သည့်ခရီးသွားများ များပြားလျက်ရှိကြောင်း သိရသည်။

"နှစ်သစ်ကူး ရုံးပိတ်ရက်ကစပြီးတော့ နယ်ဝေးဒေသတွေကနေ မန္တလေးမြို့မှာ အလုပ်လာလုပ်တဲ့ခရီးသွားတွေ မန္တလေးဆိပ်ကမ်းကနေ မိမိတို့ မြို့၊ ရွာတွေကို ခရီးသည်တင် ရုပ်ပြေးအမြန်ရေယာဉ်တွေနဲ့ လိုက်ပါစီးနင်းမှုတော်တော်လေးများလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

နှစ်သစ်ကူးရုံးပိတ်ရက်မရောက်မီထိ မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာနှင့် အခြားမြို့များသို့ ခရီးသည်လိုက်ပါစီးနင်းမှုမှာ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာရှိခဲ့သော်လည်း ဧပြီ ၉ ရက်မှစ၍ မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာနှင့် အခြားမြို့များသို့ ခရီးသည်လိုက်ပါစီးနင်းသည့်ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာနှင့် ဗန်းမော် စသည့်မြို့များသို့ ပြေးဆွဲနေသည့် ကုန်တင်သင်္ဘောအပါအဝင် ခရီးသည်တင်ရုပ်ပြေးအမြန်ရေယာဉ် စုစုပေါင်း အစီးရေ ၄၀၀ ကျော်ရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရန်ကုန်မြို့ပြအမွေအနှစ် ဝန်ကြီးများရုံး

မောင်သာ (ရှေးဟောင်းသုတေသန)

ကိုလိုနီခေတ်မှစ၍ ရန်ကုန်မြို့၌ များစွာသော အဆောက်အအုံများကို တည်ဆောက်ခဲ့ကြရာ ယခုအချိန်တွင် ၎င်းတို့သည် သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(၂၀၁၅)အရ ၎င်းတို့သည် ရှေးဟောင်းအဆောက်အအုံများဖြစ်လာခဲ့ကြသည်။ ရန်ကုန်မြို့၌ ယနေ့တိုင်ကျန်ရှိလျက်ရှိနေသည့် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများအနက် အချို့သည် ရှေးဟောင်းအဆောက်အအုံများစာရင်းဝင်ခဲ့ရုံသာမက ရန်ကုန်မြို့ပြအမွေအနှစ်များ ဖြစ်လာခဲ့ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံးတို့သည် ရန်ကုန်မြို့ပြအမွေအနှစ် ရှေးဟောင်းစာရင်းဝင် အဆောက်အအုံများကို သတ်မှတ်ထုတ်ပြန်ပေးခဲ့ရာတွင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံးသည် တစ်ခုအပါအဝင်ဖြစ်ပေသည်။

**အတွင်းဝန်ရုံး**

မြန်မာနိုင်ငံသည် ဗြိတိသျှတို့၏လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် ဗြိတိသျှအစိုးရသည် အုပ်ချုပ်မှုကိစ္စအဝဝကိုဆောင်ရွက်ရန် ရုံးကြီးတစ်ရုံးကို ၁၈၈၉ ခုနှစ်တွင် ရန်ကုန်မြို့လယ်၌ တည်ဆောက်ခဲ့သည်။ ၁၆ ဧကကျယ်ဝန်းသည့် မြေကွက်ပေါ်တွင်တည်ဆောက်ခဲ့သည့် အဆောက်အအုံကို ဗိသုကာပညာရှင် Henry Hoyne Fox က ရေးဆွဲခဲ့ပြီး အတွင်းဝန်ရုံး ( The Secretariat)ဟု အမည်ပေးခဲ့သည်။

၎င်းအဆောက်အအုံကို ၁၉၇၂ ခုနှစ်မတိုင်မီထိ အတွင်းဝန်ရုံးဟုခေါ်ဆိုခဲ့ကာ ၁၉၇၂ ခုနှစ်နောက်ပိုင်းတွင် ဝန်ကြီးများရုံးဟု အမည်ပြောင်းခဲ့သည်။

လက်ရှိအချိန်တွင် အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)၏ အရှေ့ဘက်တွင် သိမ်ဖြူလမ်း၊ အနောက်ဘက်တွင် ဗိုလ်အောင်ကျော်လမ်း၊ တောင်ဘက်တွင် မဟာဗန္ဓုလလမ်းနှင့် မြောက်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့တည်ရှိသည်။

အတွင်းဝန်ရုံးကို ဝိတိုရိယခေတ်၊ ဗိသုကာဟန်ဖြင့် အင်္ဂလိပ်အက္ခရာ ယူပုံသဏ္ဌာန်တည်ဆောက်ခဲ့သည်။ စတင်တည်ဆောက်ခဲ့စဉ်က မဟာဗန္ဓုလလမ်းကိုကျောပေးကာ မြောက်ဘက်သို့ မျက်နှာပြုထားသည့် ပင်မအဆောက်အအုံကို ၁၈၈၉ ခုနှစ်တွင် ဦးစွာတည်ဆောက်ခဲ့ရာ ၁၈၉၂ ခုနှစ်တွင်ပြီးစီးခဲ့သည်။ သို့သော် အဆောက်အအုံအချောသတ်လုပ်ငန်းများသည် ၁၉၀၂ ခုနှစ်တွင် အပြီးသတ်ခဲ့သည်။ ၎င်းပင်မအဆောက်အအုံကိုတည်ဆောက်ခဲ့စဉ်က မြေနေရာသည် မြေပျော့ဖြစ်သဖြင့် ပျဉ်းကတိုးတိုင်များကို ပန့်ကိုတိုင်များအဖြစ် စိုက်ထူတည်ဆောက်ခဲ့ကာ အတွင်းပိုင်းလှေကားလက်ရမ်းတိုင်များတွင် ဝိတိုရိယဘုရင်မဦးခေါင်းပုံ ထုလုပ်ထားသည့် တိုင်ခေါင်းများကိုတပ်ဆင်ခဲ့သည်။ အဆောက်အအုံ၏ အပေါ်ပိုင်းတွင် အမိုးထောက်တိုင်များအဖြစ် အခေါင်းမပါသည့် သံလုံးတိုင်များကို အသုံးပြုခဲ့သည်။

အတွင်းဝန်ရုံး၏ ပင်မဆောင်ကိုတည်ဆောက်ပြီးနောက် ၁၉၀၃ ခုနှစ်တွင် အရှေ့ဘက်သို့ မျက်နှာပြုသည့် အဆောက်အအုံနှင့် တောင်ဘက်သို့ မျက်နှာပြုသည့် အဆောက်အအုံတို့ကို တည်ဆောက်ခဲ့ရာ ၁၉၀၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ၎င်းအဆောက်အအုံများ တည်ဆောက်ရာတွင် ပန့်ကိုကို ပျဉ်းကတိုးတိုင်များ အသုံးမပြုတော့ဘဲ အုတ်၊ အင်္ဂတေများဖြင့် တည်ဆောက်ခဲ့ရာ မြန်မာငွေကျပ် နှစ်သန်းခွဲကုန်ကျခဲ့သည်။

**လက်ရှိ ဝန်ကြီးများရုံး**

လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်ဝန်ကြီးများသည် ဝန်ကြီးများရုံးတွင် ရုံးထိုင်ခဲ့ကြသည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့မှ အစိုးရရုံးဌာနများကို မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်သို့ ပြောင်းရွှေ့ပြီးနောက် ဝန်ကြီးများရုံးကို ပိတ်ထားခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများကို ခရီးသွားများအား ဆွဲဆောင်သည့် နေရာများအဖြစ်ပြောင်းလဲရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဝန်ကြီးများရုံးကိုပြတိုက်တစ်ခု အဖြစ်ပြောင်းလဲရန် စမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်တွင်းကုမ္ပဏီ ခုနစ်ခုနှင့် ပြည်ပကုမ္ပဏီ သုံးခုတို့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရန်ကုန်ဝန်ကြီးများရုံးကို ဟိုတယ်နှင့် ပြတိုက်အဖြစ်ဖွင့်လှစ်ရန် အဆိုပြုလွှာများတင်သွင်းခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့၌ အများပြည်သူများကို ဝန်ကြီးများရုံးသို့ဝင်ရောက်ခွင့်ပြုခဲ့သည်။



ဝန်ကြီးများရုံးသည် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ဝန်ကြီး ခုနစ်ဦး၊ အတွင်းဝန် တစ်ဦးနှင့် ကိုယ်ရံတော်တစ်ဦးတို့ လုပ်ကြံခံရသည့် နေရာဖြစ်သဖြင့် ပြည်သူများ အထူးစိတ်ဝင်စားသည့်နေရာဖြစ်ပေသည်။ ထို့ကြောင့် အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံးတို့သည် ပြည်သူများ သွားရောက်ကြသည့်နေရာများဖြစ်ကြပေသည်။

အတွင်းဝန်ရုံးကို တည်ဆောက်ပြီးစီးချိန်မှစ၍ အင်္ဂလိပ်အစိုးရသည် နိုင်ငံအုပ်ချုပ်ရေးယန္တရားတစ်ခုလုံးကို အတွင်းဝန်ရုံးမှ စီမံခန့်ခွဲလည်ပတ်ခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် ရုံးချိန်ပြင်ပ ညနေပိုင်းအချိန်များတွင် အများပြည်သူများ အပန်းဖြေနိုင်ရန် အတွင်းဝန်ရုံးခြံဝင်းကို ဖွင့်လှစ်ခဲ့သည်။

လက်ရှိအချိန်တွင် ဝန်ကြီးများရုံးကိုပြတိုက်တစ်ခုအဖြစ် ဖွင့်လှစ်ပြသထားရာ ရုံးအဆောက်အအုံသုံးခုအပါအဝင် သမိုင်းဝင်နေရာများကို ကြည့်ရှုလေ့လာနိုင်ကြသည်။ တစ်ချိန်က ပြည်သူ့လွှတ်တော်ခန်းမရှေ့တွင် အာဇာနည်ပုဂ္ဂိုလ် ခုနစ်ဦး၏ ရုပ်တုများကို အာဇာနည်ဗိမာန်တွင် မြှုပ်နှံထားသည့်ဂူအစဉ်အတိုင်း ပြသထားသည်။

ထို့အတူ ၁၈၈၆-၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဇယား၊ အောင်ဆန်းအက်တလီစာချုပ်၊ နုအက်တလီစာချုပ်နှင့် လွတ်လပ်ရေးကြေညာစာတမ်းအပါအဝင် သမိုင်းဝင်စာရွက်စာတမ်းများ၊ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် မြင်းကွန်းမင်းသားတံဆိပ်တော်များနှင့် ကိုလိုနီဗြိတိသျှ မြန်မာနိုင်ငံတံဆိပ်တော်တို့ကို ပြသထားသည်။

**အတွင်းဝန်ရုံးနှင့် သမိုင်းဝင်ဖြစ်ရပ်များ**

အင်္ဂလိပ်အစိုးရလက်ထက်တွင် ၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေး၊ ၁၉၃၂ ခုနှစ်တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထွက်ရေးဆောင်ရွက်ရန် ဥပဒေပြုကောင်စီရွေးကောက်ပွဲများကို အတွင်းဝန်ရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် အတွင်းဝန်များရုံးဝင်းအတွင်းရှိ မြောက်ဘက်အဆောက်အအုံတွင် ပြည်သူ့လွှတ်တော်ကိုထားရှိခဲ့သည်။ ၎င်းပြည်သူ့လွှတ်တော်ဆောင်တွင် လွှတ်တော်အစည်းအဝေးများကို ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ပြုလုပ်ခဲ့သည်။

တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးကို ၎င်းအဆောက်အအုံ၌ ကျင်းပပြုလုပ်ခဲ့ကာ မြန်မာနိုင်ငံ လွတ်လပ်ရေးအရေးကိစ္စများကို ဆွေးနွေးခဲ့ရာ ၁၉၄၇ ခုနှစ်မှ ၁၉၅၁ ခုနှစ်ထိ အစည်းအဝေး ၁၅ ကြိမ်ကျင်းပနိုင်ခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်ဦးဆောင်သည့် ဘုရင့်ကောင်စီအမှုဆောင်အဖွဲ့ အစည်းအဝေးများကို ဘုရင်ခံအိမ်တော်တွင်သာ ကျင်းပခဲ့သည်။ သို့သော် ၁၉၄၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံလွတ်လပ်ရေးဆိုင်ရာ ဆွေးနွေးမှုများတွင် ဘုရင်ခံတက်ရောက်ခြင်းမရှိသဖြင့် အစိုးရအဖွဲ့အစည်းအဝေးများကို အတွင်းဝန်ရုံးတွင် ကျင်းပခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အတွင်းဝန်ရုံး ပင်မအဆောက်အအုံပထမထပ်ရှိ ဝန်ကြီးအဖွဲ့အစည်းအဝေးခန်းမတွင် အာဇာနည်ခေါင်းဆောင်များလုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ၎င်းခန်းမဆောင်ကို မူလလက်ရာအတိုင်း ထိန်းသိမ်းထားရှိကာ လုပ်ကြံမှုဖြစ်စဉ်က တွေ့ရှိခဲ့ရသည့် သက်သေအထောက်အထားဓာတ်ပုံများကို ပြသထားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် အတွင်းဝန်ရုံး၊ လွှတ်တော်အဆောက်အအုံရှေ့ရှိ အလံတိုင်မှ ယူနီယံဂျက်အလံကိုချကာ မြန်မာနိုင်ငံတော်သီချင်းကိုတီးမှုတ်၍ မြန်မာနိုင်ငံအလံကို လွှင့်တင်ခဲ့ရာ ၎င်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုနိုင်ကြပေသည်။

လွတ်လပ်ရေးရရှိပြီးနောက် လွှတ်တော် နှစ်ရပ်စနစ်ကို ကျင့်သုံးခဲ့ချိန်တွင် ပြည်သူ့လွှတ်တော်ကို အတွင်းဝန်ရုံး၌ထားရှိ၍ အထက်လွှတ်တော် (လူမျိုးစုလွှတ်တော်)ကို ကမ်းနားလမ်းရှိ စုပေါင်းရုံးတွင် ထားရှိခဲ့သည်။

**စိတ်ဝင်စားမှုအများဆုံးပြခန်းဆောင်**

ဝန်ကြီးများရုံးတွင် ပြခန်းဆောင်များကို ဖွင့်လှစ်ပြသထားရာ ခိုအင်ဂျီဂျပန်ဘာသာစကားနှင့်လေ့ကျင့်ရေးစင်တာ(Koenji Japanese Language & Training Centre) မှ ဆရာဦးသန်းနိုင်၏ ဖိတ်ကြားမှုအရ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးနှင့်အတူ သွားရောက်လေ့လာခဲ့သည်။ ဝန်ကြီးများရုံး သမိုင်းကြောင်းနှင့် ပြခန်းများအကြောင်းကို ဝန်ကြီးများရုံးတွင် ခုနှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူ ရှေးဟောင်းသုတေသီ ကိုဝေယံပိုင်က လိုက်လံရှင်းလင်းပြသခဲ့သည်။

ဝန်ကြီးများရုံးသို့ လာရောက်လေ့လာသူများ စိတ်အဝင်စားဆုံးနေရာသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ လုပ်ကြံခံရသည့် အစည်းအဝေးခန်းမဖြစ်သည်။ ၎င်းအခန်းသည် ဗိုလ်အောင်ကျော်လမ်းကို ကျောပေးကာ အရှေ့ဘက်သို့ မျက်နှာမူနေသည့် အဆောက်အအုံ၏ ပထမထပ်တွင်ရှိသည်။ အစည်းအဝေးခန်းသည် ဗိုလ်အောင်ကျော်လမ်းဘက်သို့ မျက်နှာမူထားကာ အခန်းရှေ့တွင် လူသွားစင်္ကြံလမ်းရှိသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် လုပ်ကြံမည့်သူများသည် ဂျစ်ကားနှစ်စီးဖြင့် စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)ဝင်ပေါက်မှ အတွင်းဝန်ရုံးသို့ ဝင်ခဲ့ကြသည်။ သူတို့သည် အဆောက်အအုံ ပင်မဝင်ပေါက်မှမဝင်ကြဘဲ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်(အနောက်တောင်ထောင့်)ရှိ လှေကားမှ ပထမထပ်သို့တက်ခဲ့ကြသည်။ ထို့နောက် လူသွားစင်္ကြံအတိုင်းသွားကာ ခေါင်းဆောင်များစည်းဝေးနေသည့် အခန်းသို့ဝင်၍ ပစ်ခတ်သတ်ဖြတ်ပြီးနောက် အလယ်လှေကားမှဆင်းပြီး ဗိုလ်အောင်ကျော်လမ်းအပေါက်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

အာဇာနည်ခေါင်းဆောင်များ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် အခန်းကို ဝန်ကြီးများရုံး ဘုရားဝတ်ပြုဆောင် အဖြစ်ထားရှိခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ဘုရားခန်းကို နေရာပြောင်းရွှေ့၍ အခန်းကို ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။ အာဇာနည်ခေါင်းဆောင်များ လုပ်ကြံခံခဲ့ရစဉ်ကရှိခဲ့သည့် အစည်းအဝေးစားပွဲများကို နိုင်ငံတော်က ထိန်းသိမ်းထားပြီး ၂၀၁၇ ခုနှစ်တွင် ပုံစံတူစားပွဲများ ပြုလုပ်၍ မူလပုံစံအတိုင်းပြန်လည်ခင်းကျင်းခဲ့သည်။ သို့သော် လာရောက်လေ့လာသူများကို အစည်းအဝေးခန်းမအတွင်းသို့ ဝင်ခွင့်မပြုဘဲ တံခါးများကို ပိတ်ထားသဖြင့် အပြင်မှသာကြည့်ရှုရသည်။

လုပ်ကြံမှုဖြစ်ပွားခဲ့ပြီးနောက် အခန်းအတွင်း၌ ကျန်ရှိနေခဲ့သည့် ရုံးစာရွက်စာတမ်းများ၊ လက်ရေးစာများ၊ သေနတ်ကျည်ဆံများနှင့် သမိုင်းဝင်အထောက်အထားများကို နိုင်ငံတော်က ထိန်းသိမ်းခဲ့သည်။ ၎င်းပစ္စည်းများတွင် မျက်မှန်ကိုင်းတစ်ခုနှင့် PARKER 51 ဖောင်တိန်တစ်ချောင်းလည်း ပါဝင်ခဲ့သည်။

ထိုနေ့က အစည်းအဝေးခန်းတွင် လူ ၁၂ ဦးရှိခဲ့ပြီး လေးဦးက အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ သက်တော်စောင့် ကိုထွေးသည် လှေကားထိပ်တွင် အပစ်ခံရကာ ကွယ်လွန်ခဲ့သည်။ လုပ်ကြံမှုဖြစ်ပွားပြီးနောက် တွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို အစည်းအဝေးခန်းအပြင်ဘက်တွင်ပြသထားရာ ကြည့်ရှုသူများ အလွန်စိတ်ဝင်စားကြသည်။

ရန်ကုန်မြို့ပြအမွေအနှစ်တစ်ခုဖြစ်သည့် ဝန်ကြီးများရုံးအတွင်းမှ သမိုင်းဝင်ဖြစ်ရပ်ဆိုးကြီးဖြစ်ပွားခဲ့သည့် အခန်းသည်လည်း မြို့ပြအမွေအနှစ်နှင့်အတူ သမိုင်းအမွေအနှစ်နေရာတစ်ခုဖြစ်လာခဲ့ပေသည်။


ယခုအချိန်တွင် ရန်ကုန်အတွင်းဝန်ရုံးကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ထိန်းသိမ်းထားပြီး ပြည်တွင်း၊ ပြည်ပလေ့လာသူများကို ဝင်ကြေးရယူကာ ပြသထားသည်။

အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)နာရီစင်တွင် တစ်ချိန်က ချိတ်ဆွဲခဲ့သည့် ချိန်သီးဆွဲနာရီကိုဖြုတ်၍ မူလနာရီသွားနေသည့်အတိုင်း ဝန်ကြီးများရုံး မြောက်ဘက်ဆောင်နှင့် အနောက်ဘက်ဆောင်ကြားတွင် ပြသထားမှုသည် လူအများစိတ်ဝင်စားသည့် ပြကွက်တစ်ခုဖြစ်လာခဲ့ပေသည်။

**ကိုးကား**


- ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)
- ရာဇဝင်ထဲက မြို့ရန်ကုန်(မင်းပြည)
- The Secretariat or the Ministers Office (YHT)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့ရောင်းချခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၈ သန်းရရှိ

**နေပြည်တော် မေ ၁၁**

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့ရောင်းချပေးခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၈၄၈ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲကို ဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် အာရှနိုင်ငံများအပါအဝင် ပြည်ပဖောက်သည်ဈေးကွက် နိုင်ငံပေါင်း ၅၀ ကျော်ကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ တင်ပို့ရောင်းချပေးခဲ့ရာ အမေရိကန်ဒေါ်လာ ၈၄၈ သန်းထိ နိုင်ငံခြားဝင်ငွေရရှိခဲ့သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် ၂၀၁၂ ခုနှစ် ဧပြီလတွင် ဆန်နှင့်ဆန်ကွဲ ၂၅၀၉၄၇ တန် တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၈၂ သန်း၊ မေလတွင် ဆန်နှင့်ဆန်ကွဲ ၁၅၃၅၀၇ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၅၁ သန်း၊ ဇွန်လတွင် ဆန်နှင့်ဆန်ကွဲ ၁၄၆၀၉၄ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာသန်း ၅၀၊ ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈၂၅၅၀ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၆၆ သန်း၊ ဩဂုတ်လတွင် ဆန်နှင့်ဆန်ကွဲ ၁၅၆၈၉၃ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၅၃ သန်း၊ စက်တင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ ၉၁၇၉၂ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၃၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အောက်တိုဘာလတွင် ဆန်နှင့်ဆန်ကွဲ ၁၆၁၁၈၉ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၆၅ သန်း၊ နိုဝင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ၂၆၄၀၁၈ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၀၆ သန်း၊ ဒီဇင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ ၂၂၈၄၄၅ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာသန်း ၉၀၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ဆန်နှင့်ဆန်ကွဲ ၂၆၈၈၁၅ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၀၇ သန်း၊ ဖေဖော်ဝါရီလတွင် ဆန်နှင့်ဆန်ကွဲ ၁၉၁၄၀၄ တန် တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၇၆ သန်း၊ မတ်လတွင် ဆန်နှင့်ဆန်ကွဲ ၁၆၁၅၀၉ တန်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၆၅ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၂၂၆၁၂၀၃ တန်တင်ပို့ရောင်းချပေးခဲ့ရသဖြင့် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၈၄၈ သန်းရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ SKL



# နန်းမူ နန်းဟန် မန်းသကြၤန်

\- အုတ်ကျစ်ကျော်အေး မန္တလေးဟု
ဟိုရှေးအတည် မင်းနေပြည်မို့
ရေကြည်သာစွ ကျုံးအလှနှင့်
ထိုမှရှုမျှော် ရွှေနန်းတော်သည်
ဘုန်းတော်နေလ ထွန်းလင်းပ၍
မြန်မာ့မျိုးဂုဏ် ဇာတိဟုန်ကို
အစုံလှစ်ဟ သက်သေပြ၏။

\- မြမန်းဂီရိ အစရှိသည့်
အမိဂီတ ငြိမ့်ညောင်းလှ၍
နားဝချိုသာ ရင်ဖိုစွာဖြင့်
သူငါစွဲမက် အကညက်၍
ပြုံးပြက်တန်ဆာ နန်းဆန်စွာဖြင့်
မူရာယဉ်ကျေး မန်းသူလေးကို
မျှော်ငေးမောင့်မှာ မပြန်သာလည်း
မကြာမတင် အပေါ်စင်က
ခင်မင်သီကာ မြနန္ဒာဖြင့်
ညီညာနှုတ်ဆက် မခွဲရက်တည့်။

\- မြူမှောင်ဝေကင်း တေးသီချင်းဖြင့်
ဘေးကင်းရန်ကွာ ပြည်လုံးသာ၍
မြန်မာနှစ်ကူး တာတန်ခူးဝယ်
ကြည်နူးစိတ်မှာ ပီတောက်ဝါဖြင့်
သဒ္ဒါညွတ်နူး အောင်ဆုထူးကို
ရည်စူးမှန်းဆ
လိုတရစေ ချစ်မိတ်ဆွေ။ ။

**မန္တလာပြေ**

# အမ်းမြို့နယ် ကျေးရွာနှစ်ရွာ၌ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အမ်း မေ ၁၁**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမ်းမြို့နယ် ကျေးရွာနှစ်ရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ မီးလောင်ချောင်းကျေးရွာနှင့် ကျွဲတလင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ကျေးရွာရေရရှိရေးကော်မတီဝင်များအား ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အမ်းမြို့နယ် မီးလောင်ချောင်းကျေးရွာနှင့် ကျွဲတလင်းကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက် ပေ ၃၀ လက်တူးတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၁၆၀ သန်းဖြင့် ရွှေထူးကြီးကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၂ ခုနှစ် ဇူလိုင်လ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။ **ကိုသန်း**

# ကော့သောင်းမြို့နယ် ဟတ်စဒင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့သောင်း မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ အော်ကြီးကျေးရွာအုပ်စု ဟတ်စဒင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းနှင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းနှင်းဦး၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၃၉ သိန်းကို ဟတ်စဒင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဟတ်စဒင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကျေးရွာပေါင်း ၂၀ ၌ ဆောင်ရွက်လျက်ရှိကြောင်း ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းနှင်းဦးက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# နိုင်ငံတကာ သတင်းများ

## လူးဝစ္စဗီးလ်မြို့ ဘဏ်တစ်ခု၌ သေနတ်ပစ်ခတ်မှုကြောင့် ငါးဦးသေဆုံး

**နယူးယောက် မေ ၁၁**

အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် လူးဝစ္စဗီးလ်မြို့ဘဏ်တစ်ခု၌ ဧပြီ ၁၀ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပစ်ခတ်မှုကျူးလွန်သူမှာ ဘဏ်ဝန်ထမ်းတစ်ဦးဖြစ်ပြီး ပစ်ခတ်မှုအတွင်းသေဆုံးခဲ့ရသူများမှာလည်း သေနတ်သမား၏လုပ်ဖော်ကိုင်ဖက်ဘဏ်ဝန်ထမ်းများဖြစ်ကြကြောင်း သိရသည်။

အိုးလ်နေရှင်နယ်ဘဏ်အမည်ရှိ အဆိုပါဘဏ်၌ ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုကို လူးဝစ္စဗီးလ်ရဲတပ်ဖွဲ့က သုံးမိနစ်အတွင်း တုံ့ပြန်နိုင်ခဲ့ပြီး သေနတ်သမားကို အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။

ပစ်ခတ်မှု ကျူးလွန်ခဲ့သူမှာ အသက် ၂၅ နှစ်အရွယ် ကွန်နော စတာဂျီယွန်အမည်ရှိ အမျိုးသားတစ်ဦးဖြစ်သည်။

အိုးလ်နေရှင်နယ်ဘဏ်ဝန်ထမ်းတစ်ဦးပင်ဖြစ်သည့် ၎င်းအမျိုးသားသည် ပစ်ခတ်မှုကျူးလွန်နေပုံကို အင်စတာဂရမ် စာမျက်နှာမှ တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

ကွန်နောစတာဂျီယွန် အနေဖြင့် သေနတ်ပစ်ခတ်မှု အဘယ်ကြောင့်ကျူးလွန်ခဲ့ရသည်ကို မသိရသေးကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုများအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် ဒဏ်ရာရခဲ့သူကိုးဦးလည်း ရှိခဲ့ကြောင်း သိရသည်။

KKO

## ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြား အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်





**မော်စကို မေ ၁၁**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြားပြုလုပ်ခဲ့သည့် အကျဉ်းသားချင်းအပြန်အလှန် လဲလှယ်ရေးအစီအစဉ်အရ မေ ၁၀ ရက်တွင် ရုရှားနှင့်ယူကရိန်းတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ကျော် ပြန်လည်လွတ်မြောက်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်ရေးအစီအစဉ်အရယူကရိန်း၌ ဖမ်းဆီးခံထားရသည့် ရုရှားတပ်ဖွဲ့ဝင် ၁၀၆ ဦး ပြန်လည်လွတ်မြောက်လာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၀ ရက်တွင် အတည်ပြုသတင်းထုတ်ပြန်ထားသည်။

ထို့အတူ အကျဉ်းသားချင်းလဲလှယ်ရေးအစီအစဉ်အရယူကရိန်းတပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ပြန်လည်လွတ်မြောက်လာကြောင်း ယူကရိန်းသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုကို ပြုလုပ်နိုင်ရေးအတွက် ကြားဝင်ညှိနှိုင်းပေးခဲ့သူ ရှိ၊ မရှိကို ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံစလုံးက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ပြန်လည်လွတ်မြောက်လာသော ရုရှားတပ်ဖွဲ့ဝင်များကို လေကြောင်းခရီးဖြင့် မော်စကိုသို့ပို့ဆောင်၍ ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ပေါ်ပေါက်ခဲ့သော ၂၀၂၂ ခုနှစ်ဖေဖော်ဝါရီလ နောက်ပိုင်းမှစ၍ ရုရှားနှင့်ယူကရိန်းတို့သည် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုများမကြာခဏပြုလုပ်ခဲ့ကြကြောင်း သိရသည်။

KKO

## အိန္ဒိယပြည်ထဲရေးဝန်ကြီး အမစ်ရှား အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ်သို့ သွားရောက်

**ဒေလီ မေ ၁၁**

အိန္ဒိယ ပြည်ထဲရေးဝန်ကြီး အမစ်ရှားသည် မေ ၁၀ ရက်တွင် ဟိမဝန္တာနယ်စပ်ပြည်နယ်ဖြစ်သော အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ်သို့ သွားရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယ ပြည်ထဲရေးဝန်ကြီး အမစ်ရှား၏ အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ်ခရီးစဉ်ကို တရုတ်နိုင်ငံက ကန့်ကွက်ထားသည်။

အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ်သည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား ပိုင်ဆိုင်ခွင့် အငြင်းပွားနေသောနယ်မြေများ တည်ရှိရာပြည်နယ်ဖြစ်သည်။



အိန္ဒိယ ပြည်ထဲရေးဝန်ကြီး အမစ်ရှားသည်အမေရိကန်ဒေါ်လာ ၅၈၅သန်းအကုန်အကျခံအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အတွက် အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ်ကလည်း ဟိမဝန္တာအနောက်ဘက် နယ်စပ်ပိုင်ဆိုင်ခွင့် အငြင်းပွားနယ်မြေတစ်ခု၌ ပဋိပက္ခများဖြစ်ပွားခဲ့ရာ နှစ်ဖက်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ရသည်။

ထို့အတူ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ် နယ်စပ်တစ်နေရာ၌ တရုတ်နှင့် အိန္ဒိယတပ်ဖွဲ့ဝင်များကြား ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။

KKO

## ပရီတိုးရီးယားမြို့ အနီး အဝေးပြေးလမ်းတစ်ခုပေါ်သို့ လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်များ ပြိုလဲ



**ပရီတိုးရီးယား မေ ၁၁**

တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့အနီး အဝေးပြေးလမ်းတစ်ခုပေါ်သို့ လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်အနည်းဆုံး ခုနစ်ခုပြိုကျခဲ့ရာ နောက်ဆက်တွဲအဖြစ်ယာဉ်တိုက်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာနက မေ ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

ဓာတ်အားလိုင်းတာဝါတိုင်များပြိုလဲမှုကြောင့် ဗို့အားမြင့်ဆက်ကြိုးလိုင်းများ အဝေးပြေးလမ်းပေါ်သို့ကျလာခဲ့ရာ ယင်းဓာတ်ကြိုးများကိုရှောင်ရန်ကြိုးစားရင်း ယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဝေးပြေးလမ်းတစ်လျှောက်ရှိ ဓာတ်အားလိုင်း တာဝါတိုင်များသည် မေ ၉ ရက် ညတွင် ပြိုလဲခဲ့ခြင်းဖြစ်ကြောင်း ပရီတိုးရီးယားရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

အဆိုပါ တာဝါတိုင်များသည် ရာဇဝတ်မှုမြောက်သည့် အဖျက်လုပ်ရပ်တစ်ခုကြောင့် ပြိုကျခဲ့ခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က သုံးသပ်ထားသည်။

ရှေးယခင်ကလည်း ဓာတ်အားလိုင်းတာဝါတိုင်များ အောက်ခြေရှိ သတ္တုအစိတ်အပိုင်းများအား ခိုးယူရန် ကြိုးစားမှုများ ရှိခဲ့ဖူးကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဓာတ်အားလိုင်းတာဝါတိုင်များ ပြိုလဲမှုကြောင့် ပရီတိုးရီးယားမြို့ ဧရိယာမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ လျှပ်စစ်မီးများပြတ်တောက်ခဲ့ရကြောင်း သိရသည်။

KKO

## ဗဟိုစစ်ကော်မရှင်အစည်းအဝေး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ခေါ်ယူ

**ပြုံယမ်း မေ ၁၁**

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေချိန်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဗဟိုစစ်ကော်မရှင်အစည်းအဝေးခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများကိုကိုးကား၍ အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

မေ ၁၀ ရက်တွင် ကျင်းပခဲ့သည့် လက်ရှိအာဏာရကိုရီးယားအလုပ်သမားပါတီဗဟိုစစ်ကော်မရှင်အစည်းအဝေး၌ ကင်ဂျုံအန်အနေဖြင့် ထိုးစစ်သုံး နျူကလီးယားလက်နက်အင်အားကိုမြှင့်တင်ရန်ကတိပြုခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ကင်ဂျုံအန်သည် မြောက်ကိုရီးယားစစ်ဘက်၏ စစ်ရေးအစီအမံများကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် နိုင်ငံ၏နျူကလီးယားအရံအတားကို လက်တွေ့ကျသည့်ထိုးစစ်အတွက် အသုံးပြုနိုင်သည့်အင်အားစုအဖြစ် မြှင့်တင်မည်ဖြစ်ကြောင်း ကင်ဂျုံအန်က ဗဟိုစစ်ကော်မရှင်အစည်းအဝေး၌ ပြောကြားခဲ့သည်။



မြောက်ကိုရီးယား နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နေဒြပ်ထုထက် အဆသန်း ၂၀ ပိုကြီးသော မဟာအာကာသတွင်းနက်ကြီးက လနှင့်ကမ္ဘာကြားခရီးကို ၁၄ မိနစ်နှင့်ရောက်နိုင်သောအမြန်နှုန်းဖြင့် စကြဝဠာအတွင်းမျောလွင့်နေ



**ဝါရှင်တန် ဧပြီ ၁၁**

ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆသန်း ၂၀ ပိုကြီးမားသော မဟာအာကာသတွင်းနက်ကြီးသည် လနှင့်ကမ္ဘာကြားခရီးကို ၁၄ မိနစ်ဖြင့်ရောက်နိုင်သော အမြန်နှုန်းဖြင့် စကြဝဠာအတွင်း မျောလွင့်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဧပြီ ၁၀ ရက်က ရေးသားတင်ပြထားသည်။

၎င်းအာကာသတွင်းနက်သည် ကြယ်စုနှစ်ခုပေါင်းစည်းမိချိန်တွင် အာကာသဟင်းလင်းပြင်အတွင်း တွန်းထုတ်ခံခဲ့ရသည့် အာကာသတွင်းနက်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အာကာသတွင်းနက်ဖြတ်သန်းသွားချိန် ပေါ်ထွက်လာသည့်ဓာတ်ငွေ့တိမ်တိုက်များ ပြိုကွဲချိန်တွင် အာကာသတွင်းနက် ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက်၌ ကြယ်သစ်များပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

စကြဝဠာအတွင်း ဦးတည်ရာမဲ့ လွင့်မျောနေသော မဟာအာကာသတွင်းနက်ကြီးတစ်ခုကြောင့် ပေါ်ထွက်လာသော ကြယ်မျှင်တန်း၏ အရှည်သည် အလင်းနှစ် ၂၀၀၀၀၀ ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မဟာအာကာသ တွင်းနက်ကြောင့် ပေါ်ထွက်လာသည့်ကြယ်မျှင်တန်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြယ်စုတစ်ခုမှ တွန်းထုတ်ခံခဲ့ရဖွယ်ရှိသည့် ၎င်းမဟာအာကာသတွင်းနက် ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက်တွင် ကြယ်သစ်များပေါ်ထွက်လာသည်ကို တွေ့ရကြောင်း ယေးလ်တက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## အစားအစာစားသုံးမှု အချိန်ပိုင်းဖြတ်တောက်ခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်

**ကင်ဘာရာ ဧပြီ ၁၁**

အစားအစာစားသုံးမှု အချိန်ပိုင်းဖြတ်တောက်ပေးခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဧပြီ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

သီတင်းတစ်ပတ်လျှင် သုံးရက် နံနက် ၈ နာရီနှင့် မွန်းလွဲပိုင်းကြားတွင်သာ အစားအစာစားသုံးပြီး ကျန်လေးရက်တွင် ပုံမှန်အတိုင်း အစားအစာစားသုံးသူများ၌ သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှုန်း ထိန်းညှိမှုပိုမိုကောင်းမွန်နေတတ်ကြောင်း သြစတြေးလျနိုင်ငံ အဒဲလိတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုနည်းတူ အချိန်ပိုင်းအစာဖြတ်မှု အလေ့အထကျင့်သုံးသူများသည် ကယ်လိုရီနည်းပါးသည့် အစားအစာ စားသုံးသူများကဲ့သို့ပင် ကိုယ်အလေးချိန်လည်းကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အချိန်ပိုင်းအစာဖြတ်မှုသည် ပုံစံ-၂ ဆီးချိုရောဂါကို ကာကွယ်ရာတွင် ကယ်လိုရီအစားအစာများစားသုံးမှုထက်ပင် ပို၍ထိရောက်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သြစတြေးလျသုတေသနပညာရှင်များသည် လူပေါင်း ၂၀၀ တို့၏ အစားအစာစားသောက်မှုစနစ်များကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လက်ရှိကျင့်သုံးသူအများဆုံး အချိန်ပိုင်းအစာဖြတ်တောက်မှုပုံစံမှာ နံနက် ၈ နာရီနှင့် ၁၂ နာရီကြားတွင်သာ အစာစားပြီး ကျန်တစ်နေ့စာလုံး အစာဖြတ်တောက်မှု ပုံစံဖြစ်ကြောင်း သိရသည်။

KKO

## ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာဒေသများတွင် ရှားပါးသည့်နေကြတ်မှုပုံစံတစ်မျိုးကို တွေ့ကြုံရလိမ့်မည်

**ဝါရှင်တန် ဧပြီ ၁၁**

ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာဒေသများတွင် လာမည့် ဧပြီ ၁၉ ရက်၌ နှစ်မျိုးစပ် နေကြတ်မှုခေါ် ရှားပါးသည့်နေကြတ်မှုပုံစံတစ်မျိုးကို တွေ့ကြုံရလိမ့်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဧပြီ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

နှစ်မျိုးစပ်နေကြတ်မှု (Hybrid Solar Eclipses) များသည် အပြည့်အဝနေကြတ်မှုမှသည် တစ်စိတ်တစ်ပိုင်းနေကြတ်မှုအဖြစ်သို့ ပြောင်းသွားတတ်သော နေကြတ်မှုဖြစ်စဉ်များဖြစ်ကြသည်။

ဧပြီ ၁၉ ရက် နှစ်မျိုးစပ်နေကြတ်မှုဖြစ်စဉ်ကို သြစတြေးလျနိုင်ငံ အနောက်ပိုင်း၊ အရှေ့တီမောနှင့် အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဒေသတို့၌ စတင်တွေ့မြင်ရမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါ နေကြတ်မှုဖြစ်စဉ်အတွင်း ပစိဖိတ်နှင့်အိန္ဒိယသမုဒ္ဒရာဒေသများအနက် အချို့ဒေသများမှာ နေအပြည့်ကြတ်မှုကို မြင်တွေ့နိုင်မည်ဖြစ်ပြီး အချို့ဒေသများတွင် မီးစက်ကွင်းနေကြတ်မှု (Annular Eclipse) ကို ကြုံတွေ့ရမည်ဖြစ်ကြောင်း သိရသည်။

အချို့ဒေသများတွင်မူ တစ်စိတ်တစ်ပိုင်းနေကြတ်မှုကို တွေ့ကြုံရမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နှစ်မျိုးစပ် နေကြတ်မှုဖြစ်စဉ်သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် နောက်ဆုံးတစ်ကြိမ်ပေါ်ပေါက်ခဲ့ဖူးပြီး ၂၀၃၁ ခုနှစ် နိုဝင်ဘာလတွင် ထပ်မံပေါ်ပေါက်ဦးမည်ဖြစ်ကြောင်း သိရသည်။KKO

## Haemophilia B သွေးရောဂါတစ်မျိုးကို မျိုးဗီဇကုထုံးသစ်ဖြင့် ကုသပေးနိုင်ဖွယ်ရှိ

**လန်ဒန် ဧပြီ ၁၁**

Haemophilia B ခေါ် သွေးရောဂါတစ်မျိုးကို မျိုးဗီဇကုထုံးသစ်တစ်မျိုးဖြင့် ကုသပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဧပြီ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

Haemophilia B ရောဂါသည် သွေး၏ သွေးခဲများဖန်တီးနိုင်စွမ်း ထိခိုက်ချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်ပြီး လက်ရှိအချိန်တွင် သွေး၏သွေးခဲများဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးသော ထိုးဆေးများဖြင့် ထိုးနှံကုသနိုင်မည့်ရောဂါတစ်မျိုးဖြစ်သည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုများအရ Hemgenix အမည်ရှိ မျိုးဗီဇကုထုံးသည် Haemophilia B ရောဂါလူနာများ၏ သွေးခဲများ ထုတ်လုပ်နိုင်စွမ်းကို အကြီးအကျယ်မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Hemgenix မျိုးဗီဇကုထုံး၏ ရောဂါအပေါ်သက်ရောက်သည့် အာနိသင်သည် အမြဲတမ်းတည်နေနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

Hemgenix ကုထုံးသည် သွေးဆဲလ်များအတွင်းသို့ မျိုးဗီဇတစ်မျိုးကို သွတ်သွင်းပေးခြင်းဖြင့် သွေးခဲများ ဖန်တီးထုတ်လုပ်မှုကို စေ့ဆော်ပေးကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် Haemophilia B ရောဂါလူနာ ၅၄ ဦးတို့ကို Hemgenix ကုထုံးဖြင့် စမ်းသပ်ကုသခဲ့ပြီးနောက် ပေါ်ထွက်လာသော ရလဒ်များကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO

## အင်္ဂါဂြိုဟ်ပေါ်ရှိ တောင်ခါးပန်းများနှင့် ဥက္ကာချိုင့်ဝှမ်းများကို အသေးစိတ်လေ့လာနိုင်မည့် အင်္ဂါဂြိုဟ်မြေပုံသစ်ကို နာဆာဖန်တီးထား

**ဝါရှင်တန် ဧပြီ ၁၁**

အင်္ဂါဂြိုဟ်ပေါ်ရှိ တောင်ခါးပန်းများနှင့် ဥက္ကာချိုင့်ဝှမ်းများကို အသေးစိတ်လေ့လာနိုင်မည့် အင်္ဂါဂြိုဟ်မြေပုံသစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဖန်တီးထားကြောင်း The Daily Mail သတင်းစာက ဧပြီ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာ သိပ္ပံပညာရှင်များသည် နာဆာ၏ အင်္ဂါဂြိုဟ်ကင်းထောက် အာကာသယာဉ်က ပေးပို့ထားသည့် ဓာတ်ပုံပေါင်း ၁၁၀၀၀၀ ကျော်ကို အသုံးပြု၍ အဆိုပါမြေပုံကို ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏အင်္ဂါဂြိုဟ်မြေပုံသစ်တွင် အင်္ဂါဂြိုဟ်တောင်ခါးပန်းများ၊ ဥက္ကာချိုင့်ဝှမ်းများနှင့် သဲမုန်တိုင်းလမ်းကြောင်းများကို အသေးစိတ်ထည့်သွင်းပြသထားသည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ အင်္ဂါဂြိုဟ်မြေပုံသစ်ကို ကျောင်းသားများအပါအဝင် မည်သူမဆို လွယ်လင့်တကူ အသုံးချနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့်အနီးဆုံးဂြိုဟ်ဖြစ်ပြီး ကမ္ဘာနှင့်မိုင်ပေါင်း ၃၄ ဒသမ ၈ သန်း အကွာတွင် တည်ရှိသည်။

အင်္ဂါဂြိုဟ်ပေါ်သို့ ၂၀၃၀ ပြည့်နှစ် သို့မဟုတ် ၂၀၄၀ ပြည့်နှစ် အစောပိုင်းကာလများတွင် လူသားများစေလွှတ်နိုင်ရန် နာဆာက ရည်ရွယ်ထားကြောင်း သိရသည်။

KKO






# လက်စတာအသင်းက နည်းပြစမစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်းကြေညာ

**လန်ဒန် မေ ၁၁**

လက်စတာအသင်းက လစ်လပ်နေသည့် နည်းပြရာထူးအတွက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြစမစ်ကို ယခုနှစ်ဘောလုံးရာသီကုန်ထိ နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၂ နှစ်ရှိ နည်းပြစမစ်သည် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ဘရန့်ဖို့ဒ်အသင်းနှင့် အေဗီလာအသင်းတို့ကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ချန်ပီယံရှစ်ကလပ် နော့ဝှစ်ချ်အသင်းကို တာဝန်ယူခဲ့သော်လည်း တစ်လကြာတွင် အသင်းနှင့်နှစ်ဖက်သဘောတူလမ်းခွဲခဲ့ကာ အသင်းလက်မဲ့ဖြစ်နေချိန်တွင် လက်စတာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ လာမည့် ဇွန် ၃၀ ရက်ထိ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ရန် သဘောတူခဲ့ကြောင်း သိရသည်။

နည်းပြစမစ်က "ကျွန်တော့်အနေနဲ့ ပရီးမီးယားလိဂ်ကလပ်အသင်းဖြစ်တဲ့ လက်စတာကို တာဝန်ယူခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းအနေနဲ့ လက်ရှိအချိန်မှာ စိန်ခေါ်မှုတွေရှိနေပေမဲ့ ကျွန်တော့်ရဲ့အတွေ့အကြုံတွေနဲ့ အကောင်းဆုံးကျော်ဖြတ်နိုင်မှာပါ။ လက်စတာအသင်းဟာ အရည်အသွေးကောင်းတဲ့ ကစားသမားတွေကို ပိုင်ဆိုင်ထားသလို ရာသီကုန်ဆုံးဖို့ ပွဲစဉ်အများအပြားလိုနေသေးတာကြောင့် ကျွန်တော်တို့လိုချင်တဲ့ အောင်မြင်မှုကိုရရှိမှာသေချာပါတယ်" ဟု ပြောကြားခဲ့သည်။

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၃၀ တွင် ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ ၁၉ ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ကာ ရမှတ် ၂၅ မှတ်သာ ရရှိခဲ့ပြီး အဆင့် (၁၉) နေရာသို့ ရောက်ရှိနေကြောင်း သိရသည်။

ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲကြိုသုံးသပ်ချက်

STA

**ရီးရဲလ်မက်ဒရစ် Vs ချဲလ်ဆီး**

**ကစားမည့်ရက်/အချိန် ၁၃-၄-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရီးရဲလ်မက်ဒရစ် ၂ - ၃ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရီးရဲလ်မက်ဒရစ်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |
| **ချဲလ်ဆီး** | – | **အိမ်(ရှုံး)** | **အိမ်(သရေ)** | **ဝေး(ရှုံး)** |

လက်ရှိ ချဲလ်ဆီးအသင်းရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးဘဲ လက်ရှိအချိန်ထိ ရုန်းကန်နေရပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းကတော့ အိမ်ကွင်းမှာ ချဲလ်ဆီးအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ပိုင်းကိုလဲ ချဲလ်ဆီးအသင်းထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ရီးရဲလ်မက်ဒရစ် ၂ – ၀ ချဲလ်ဆီး**

## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့်ခံစစ်ကစားသမား ဘန်ချီဝဲလ်ကို လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဗီလာရီးရဲလ်အသင်း တောင်ပံကစားသမား ချူကွယ်ဇီကို စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။ ML

# မန်ယူအသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမား ၁၃ ဦးထိ ရောင်းချရန် ပြင်ဆင်နေ



**မန်ချက်စတာ မေ ၁၁**

မန်ယူအသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ကစားသမား ၁၃ဦးထိ ရောင်းချပြီး အသင်းကို ကြီးကြီးမားမား အပြောင်းအလဲပြုလုပ်ရန်အတွက် ပြင်ဆင်လျက် ရှိနေသည်ဟု မန်ချက်စတာ ညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

မန်ယူအသင်းကို ယခုနှစ်ဘောလုံးရာသီတွင် နည်းပြတန်ဟက်တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို အပြောင်းအလဲများစွာ ပြုလုပ်ထားပြီး အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသည့် မက်ဂွါယား အပါအဝင် ယခင်က အဓိက ကစားသမားများကို ချန်လှပ်ပြီး ကစားသမားသစ်များနှင့် အသုံးပြုလျက်ရှိနေသည်။

မန်ယူအသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် စီရော်နယ်ဒို ထွက်ခွာခဲ့ပြီးနောက် ထိပ်တန်းကစားသမား ခေါ်ယူမှုမပြုလုပ်ခဲ့ဘဲ ဘန်လေအသင်းမှ ဝက်ဟော့ကိုသာ ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်း တိုက်စစ်ကစားသမားတစ်ဦး ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များခေါ်ယူအင်အားဖြည့်တင်းရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီစေရန်အတွက် အသင်းမှ ကစားသမားအများစုကို ပြန်လည်ရောင်းချရန် ပြင်ဆင်နေပြီး မက်ဂွါယား၊ တွမ်မီနေး၊ အီလန်ဂါ၊ မာရှယ်၊ ဗီလီယံ၊ ဗန်ဒီဘိခ်၊ ဝမ်ဘစ်ဆာကာအစရှိသည့် ကစားသမားများအပါအဝင် ကစားသမား ၁၃ ဦးထိ ရောင်းချရန် အတွက်ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

STA

# (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်း ပဏာမ ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)အမျိုးသားဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃အသင်း ပဏာမကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ပြိုင်ပွဲမတိုင်မီကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင်သွားရောက်ကာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း သိရသည်။

မြန်မာယူ-၂၃ အသင်းကို အသင်းနည်းပြအဖြစ် လက်ရှိမြန်မာ့ လက်ရွေးစင်အသင်းနည်းပြ မိုက်ကယ်ဖိုက်တန်ဘိုင်နာက တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြသလျက်ရှိနေသည့် ကစားသမားများဖြင့် ပဏာမကစားသမားကို ၂၆ ဦးထိ ရွေးချယ်ခဲ့သည်။

မြန်မာယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံတွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကာ လေ့ကျင့်ရေးခရီးစဉ်အတွင်း ထိုင်းကလပ်အသင်းများနှင့်လည်း ခြေစမ်းပွဲကစားသွားပြီး အပြီးသတ်ကစားသမားစာရင်းကို ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်း အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ပြည့်ဖြိုးသူ၊ ချစ်မင်းထွေး၊ ဟိန်းထက်စိုး၊ ခံစစ်ကစားသမားနေရာတွင် ရှင်းသန့်အောင်၊ ကောင်းထက်ပိုင်၊ ထူးမြတ်ခန့်၊ သူရကျော်၊ လတ်ဝေဘုန်း၊ ကျော်သီဟဇော်၊ သက်ဟိန်းစိုး၊ ညဏ်လင်းထက်၊ နောင်နောင်စိုး၊ ကွင်းလယ်ကစားသမားနေရာတွင် အောင်မျိုးခန့်၊ အာကာကျော်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ရဲရင့်ဖြိုး၊ စိုးမင်းဦး၊ ခွန်ကျော်ဇင်ဟိန်း၊ စွမ်းထက်၊ ဥက္ကာနိုင်၊ ပိုင်ထက်ကိုကို၊ တိုက်စစ်ကစားသမားနေရာတွင် ချစ်အေး၊ ညီညီ၊ အောင်သီဟ၊ သန်းတိုးအောင်တို့ ပါဝင်ခဲ့ကြကြောင်းသိရသည်။STA

# မာကို့စ်ရူးက ဒေါ့မွန်အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ထားကြောင်း ပြောကြား

**ဘာလင် မေ ၁၁**

ယခုနှစ်နွေရာသီ အပြောင်းအရွှေ့တွင် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည့် အသင်းခေါင်းဆောင် မာကို့စ်ရူးက လုပ်ခလစာလျှော့ယူ၍ အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ကြောင်း Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ မာကို့စ်ရူးသည် လက်ရှိတွင် တစ်နှစ်လုပ်ခလစာ ယူရို ၁၂ သန်းထိ ရရှိနေသော်လည်း လာမည့်နှစ် ဘောလုံးရာသီတွင် အသင်းတွင် ဆက်လက်ရှိနေပါက အပိုဆုကြေးအပါအဝင် တစ်နှစ်လုပ်ခလစာ ယူရို ခုနစ်သန်းသာ လျှော့ယူ၍ အသင်းနှင့်စာချုပ်သက်တမ်းတိုးရန် ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကွင်းလယ် ကစားသမား မာကို့စ်ရူးသည် ၂၀၁၂ ခုနှစ်က ဂလာဘတ်အသင်းမှ ဒေါ့မွန်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၈၀ တွင် သွင်းဂိုး ၁၆၁ ဂိုးထိသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်များက ကမ်းလှမ်းခဲ့ရာ ဒေါ့မွန်အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းအတွက် ၂၄ ပွဲကစားခဲ့ပြီး သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ပြုလုပ်ပေးနိုင်ခဲ့သည်။



လက်ရှိအချိန်တွင် မာကို့စ်ရူးကို အသင်းတာဝန်ရှိသူများက စာချုပ်သက်တမ်းတိုးရန် စီစဉ်နေချိန်တွင် ၎င်းက အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး လုပ်ခလစာလျှော့ယူကာ အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီး အသင်းအနေဖြင့်လည်း အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၅၆ မှတ်ထိ ရရှိခဲ့ပြီး အဆင့် (၁) မှ ဘိုင်ယန်မြူးနစ်အသင်းနှင့် ရမှတ် နှစ်မှတ်သာ ကွာဟနေသောကြောင့် ချန်ပီယံဆုရယူနိုင်ရန် အခြေအနေရှိနေကြောင်း သိရသည်။

ML

# ရော်ဘင်ဆင်အား တံတောင်ဖြင့်တိုက်ခဲ့သည့် စည်းကြပ်ဒိုင်ဟာဇီဒါကစ်ကို တာဝန်မှရပ်ဆိုင်း




**လန်ဒန် မေ ၁၁**

ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းတောင်ပံ ခံစစ်ကစားသမား ရော်ဘင်ဆင်ကို တံတောင်ဖြင့် တိုက်ခဲ့သည့် စည်းကြပ်ဒိုင် ဟာဇီဒါကစ်ကို ဒိုင်တာဝန်မှ ရပ်ဆိုင်းခဲ့သည့်အပြင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကလည်း ဆက်လက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး အရေးယူရန် စွဲချက်တင်ထားသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းနှင့် လီဗာပူးအသင်းတို့ နှစ်ဂိုးစီသရေ ရလဒ် ထွက်ပေါ်ခဲ့သည့်ပွဲစဉ်၏ ပွဲချိန် ၄၅ မိနစ်တွင် ရော်ဘင်ဆင်က စည်းကြပ်ဒိုင်ကို စောဒကတက်ရန် အတွက် သွားရောက်ရန် စည်းကြပ်ဒိုင် ဟာဇီဒါကစ်က တံတောင်ဖြင့် တိုက်ခဲ့သည့်အတွက် ရော်ဘင်ဆင် အနေဖြင့် ပါးစပ်ပေါက်ခဲ့သော ကြောင့် ဆေးကုသမှုပင် ခံယူခဲ့ရသည်။

အဆိုပါပွဲစဉ်အပြီးတွင် ပရီးမီး ယားလိဂ်ဒိုင်အဖွဲ့ချုပ်က စည်းကြပ်ဒိုင် ဟာဇီဒါကစ်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အရေးယူသွားမည်ဟု ကြေညာခဲ့ပြီးနောက် ယခုအခါ အကန့်အသတ်မရှိ ပြည်တွင်းပွဲစဉ်များတွင် တာဝန်မှရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ဒိုင်အဖွဲ့ချုပ်က ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း စွဲချက်တင်ပြီး ဆက်လက်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေကာ ပြစ်မှုထင်ရှားပါက ကြီးလေးသည့် ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

STA

# မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အင်ဒီမာရေးနှင့် ကင်မရွန်းနော်ရီတို့ ရှုံးနိမ့်

**ပဲရစ် မေ ၁၁**

ပြင်သစ်နိုင်ငံ ရိုကေဘရွမ် ကပ်မာတင်တွင် ကျင်းပနေသည့် မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် ဩစတြေးလျ တင်းနစ်ကစားသမား ဒီမီနော်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဒီမီနော က (၆-၁၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် ကြံ့ခိုင်မှု အခြေအနေကြောင့် မြေစေးကွင်းတွင်ကျင်းပသည့် တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လေ့မရှိသော်လည်း မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

၎င်းသည် မြေစေးကွင်းတွင် ကျင်းပသည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်တိုင်း ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။

ဒီမီနောသည် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာခဲ့ပြီး ပွဲဦးထွက်အနေဖြင့် မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲဦးထွက်တွင် အင်ဒီမာရေးအား ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရရှိခဲ့သည်။

အခြားသောပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန် အဆင့် (၁) တင်းနစ်ကစားသမား ကင်မရွန်းနော်ရီက အာဂျင်တီးနားတင်းနစ်ကစားသမားစီရန်ဒိုလိုနှင့် ယှဉ်ပြိုင်ကစားသွားခဲ့ပြီး စီရန်ဒိုလိုက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အင်ဒီမာရေးနှင့် ကင်မရွန်းနော်ရီတို့ ပထမအဆင့်တွင် ရှုံးနိမ့်သွားခဲ့ရခြင်းမှာ ဗြိတိန်တင်းနစ်လောကအတွက် အနှုတ်လက္ခဏာဆောင်စေပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ဗြိတိန်တင်းနစ်ကစားသမားများ၏ အရှိန်အဝါကျဆင်းလာမည့်အရေးဖြင့် ရင်ဆိုင်နေရသည်။

ကင်မရွန်းနော်ရီသည် စီရန်ဒိုလိုအား ရှုံးနိမ့်သွားခဲ့ရသည့်ပွဲစဉ်တွင် unforced error ၁၈ ကြိမ်ထိ ကျူးလွန်ခဲ့ကြောင်း သိရသည်။

AZL

# ဗြိတိန်ဝယ်လ်တာဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲအဖြစ် ဒန်နီဘောနှင့် တွမ်လင်ဆန်တို့ ထိုးသတ်သွားမည်

**လန်ဒန် မေ ၁၁**

ဗြိတိန် လက်ဝှေ့အဖွဲ့ချုပ်၏ လစ်လပ်နေသောဝယ်လ်တာဝိတ်တန်းချန်ပီယံခါးပတ်အတွက်ဒန်နီဘောနှင့်တွမ်လင်ဆန်တို့ လာမည့် မေ ၂၇ ရက်တွင် မန်ချက်စတာမြို့၌ ထိုးသတ်သွားမည် ဖြစ်ကြောင်း နာမည်ကြီး Promoter ကုမ္ပဏီဖြစ်သည့် Matchroom Boxing က အတည်ပြုသွားခဲ့သည်ဟု British Boxing သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒန်နီဘောနှင့် တွမ်လင်ဆန်တို့သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီးနောက် ရှုံးပွဲတစ်ပွဲစီသာရှိထားသည့် လက်ဝှေ့သမားများဖြစ်ကြပြီး လက်ရှိ ဗြိတိန်ဝယ်လ်တာဝိတ်တန်းချန်ပီယံနေရာအတွက် စိန်ခေါ်ခွင့်ရရှိထားသည့် လက်ဝှေ့သမားများဖြစ်ကြသည်။

ဗြိတိန် ဝယ်လ်တာဝိတ်တန်းတွင် အကောင်းဆုံး လက်ဝှေ့သမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် ဗြိတိန်လက်ဝှေ့ပရိသတ်များ စိတ်ဝင်စားနေသည့် စိန်ခေါ်ပွဲလည်းဖြစ်သည်။

ဒန်နီဘောနှင့်တွမ်လင်ဆန်တို့၏ စိန်ခေါ်ပွဲသည် WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ဖြစ်သည့် မော်ရီစီယိုလာရာနှင့် လိုက်ဝုဒ်တို့၏ Under Card ပွဲစဉ်အနေဖြင့် ထိုးသတ်သွားမည်လည်းဖြစ်သည်။

ဒန်နီဘောသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် British and Commonwealth ဝယ်လ်တာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အက်ဆူမန်နှင့် ထိုးသတ်ခဲ့သောပွဲစဉ်တွင် အလဲထိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး မေးရိုးကျိုးသည့် ဒဏ်ရာရရှိခဲ့သည်။

ယင်းဒဏ်ရာကြောင့် ခြောက်လထိ အနားယူခဲ့ရသော ဒန်နီဘောသည် ကြိုးဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲ




နှစ်ပွဲထိုးသတ်ကာ နှစ်ပွဲစလုံးအနိုင်ရရှိထားသူလည်း ဖြစ်ကြောင်း သိရသည်။

နာမည်ကြီးPromoter ကုမ္ပဏီဖြစ်သည့် Matchroom Boxing က "ဒန်နီဘောနဲ့တွမ်လင်ဆန်တို့ဟာ လစ်လပ်နေတဲ့ ဗြိတိန်ဝယ်လ်တာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် မေ ၂၇ ရက် မန်ချက်စတာမြို့မှာ ထိုးသတ် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲဟာ WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ဖြစ်တဲ့ မော်ရီစီယိုလာရာနဲ့ လိုက်ဝုဒ်တို့ရဲ့ Under Card ပွဲစဉ် တစ်ပွဲအနေဖြင့် ထိုးသတ်သွားမှာလဲဖြစ်ပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL

# RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲမှ မက်အီလ်ရွိုင်းနှင့် ဇာရာတိုးရစ်တို့ နုတ်ထွက်

**ရော့ဂျီယာ မေ ၁၁**

ကမ္ဘာ့အဆင့်(၃) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် ဧပြီ ၁၃ ရက်တွင် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပသွားမည့် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟုST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်အီလ်ရွိုင်းသည် မကြာသေးမီက ကျင်းပခဲ့သည့် 2023 Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Cut စာရင်း၌ ပါဝင်နိုင်အောင် ကစားနိုင်ခဲ့ခြင်း မရှိသည့်အတွက် ပြိုင်ပွဲအား နောက်ဆုံးနေ့အထိ ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့သည်နှင့်ပတ်သက်ပြီး ၎င်း၏လက်စွမ်းပိုင်းအပေါ် စိတ်ပျက်လျက်ရှိနေသည်။

မက်အီလ်ရွိုင်းသည် ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သော်လည်း နုတ်ထွက်ရသည့်အကြောင်းအရင်းကို ထုတ်ပြန်ခဲ့ခြင်းမရှိဘဲ အနားယူလိုသည်ဟုသာ ရှင်းလင်းပြောကြားခဲ့သည်။

Player Impact Program အစီအစဉ်အရ RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၂၀) အတွင်း ရပ်တည်နေသည့် ကစားသမားများမဖြစ်မနေ ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည့်အတွက် မက်အီလ်ရွိုင်းအနေဖြင့် ခိုင်လုံသည့် အကြောင်းပြချက်ပေးရန် လိုအပ်နေသည်။

Player Impact Program အစီအစဉ်က ပါဝင်ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် ကစားသမားများအနေဖြင့် ပြိုင်ပွဲများမှနုတ်ထွက်လိုပါက ခိုင်လုံသော ပုဂ္ဂိုလ်ရေးအကြောင်းပြချက်၊ ပရော်ဖက်ရှင်နယ်ဆိုင်ရာ အကြောင်းပြချက်များ ပေးနိုင်ရမည် ဖြစ်ကြောင်းလည်း စည်းကမ်းသတ်မှတ်ထားသည်။

ဇာရာတိုးရစ်အနေဖြင့် နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားသည့်အတွက် ခိုင်လုံသော အကြောင်းပြချက်ရှိနေပြီး အပိုဆုကြေးငွေ နုတ်ခံရမည့် စာရင်းဖြင့် ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။

ဇာရာတိုးရစ်က "နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားတာ အားလုံးအဆင်ပြေပါတယ်။ ဒါပေမဲ့လဲ ဒဏ်ရာခွဲစိတ်ကုသမှုခံယူထားတာ မကြာသေးတဲ့အတွက် ဂေါက်သီးရိုက်ပြိုင်ပွဲကနေနုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ချဲလ်ဆီးအသင်းက ဗလင်စီယာဂိုးသမား မာမာဒတ်ရှ်ဗီလီကို ခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် မေ ၁၁**

ချဲလ်ဆီးအသင်းသည် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဂိုးသမားမန်ဒီ၏ နေရာတွင် အစားထိုးရန်အတွက် ဗလင်စီယာအသင်း ဂိုးသမား မာမာဒတ်ရှ်ဗီလီကိုခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် မာမာဒတ်ရှ်ဗီလီ၏ ကိုယ်စားလှယ်ဖြစ်သူနှင့် ချဲလ်ဆီးအသင်း တာဝန်ရှိသူတို့ကြား တွေ့ဆုံရန်စီစဉ်နေပြီး လာမည့်ရက်ပိုင်းအတွင်း လန်ဒန်မြို့တွင် ဆွေးနွေးမှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဂိုးသမား မာမာဒတ်ရှ်ဗီလီသည် ယခုနှစ် ဘောလုံးရာသီ ဗလင်စီယာအသင်းတွင် လာလီဂါအမှတ်ပေးပြိုင်ပွဲ ၂၈ ပွဲပါဝင်ကစားခဲ့ရာ ပေးဂိုး ၃၂ ဂိုးထိရှိခဲ့သော်လည်း ဂိုးမပေးရသည့်ပွဲစဉ် ငါးပွဲထိရှိခဲ့ပြီး ပင်နယ်တီငါးကြိမ်တွင် ကာကွယ်မှုသုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ချဲလ်ဆီးအသင်းက အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် ဂိုးသမားများနေရာတွင် ရေရှည်စီမံကိန်းအတွက် ခေါ်ယူသွားရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် နည်းပြတူချယ်လက်ထက်တွင် ဂိုးသမားမန်ဒီကို ပထမဦးစားပေးဂိုးသမားအဖြစ်အသုံးပြုခဲ့ပြီး ရလဒ်ပိုင်းကောင်းမွန်ခဲ့သော်လည်း ကစားသမားအနေဖြင့် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ချိန်တွင် ဂိုးသမား ကီပါကိုသာအသုံးပြုခဲ့ကာ မန်ဒီ ဒဏ်ရာပျောက်ကင်းခဲ့ချိန်တွင် ကီပါကို ဆက်လက်အသုံးပြုခဲ့သောကြောင့် မန်ဒီက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သကဲ့သို့ ပထမဦးစားပေးဂိုးသမား ကီပါအနေဖြင့်လည်း ချဲလ်ဆီးအသင်းနှင့်လမ်းခွဲရန် စီစဉ်နေသောကြောင့် အသင်းအနေဖြင့် ဂိုးသမားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပွဲစဉ်(၃၀)အပြီးတွင် ရမှတ် ၃၉ မှတ်ဖြင့် အဆင့် (၁၁) တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ML

# နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

သုတကျော်

**ယမန်နေ့မှအဆက်**

၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၁ ပါတီ၊ ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၁ ပါတီ၊ ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၅ ပါတီ၊ ၁၀၀ နှင့် ၅၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၇ ပါတီ၊ ၅၀ နှင့် ၁၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၂၄ ပါတီနှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်နိုင်သည့် ပါတီ ၃၅ ပါတီရှိခဲ့ပြီး ၎င်းတို့အနက် အနည်းဆုံး သတ်မှတ်ချက်ဖြစ်သည့် ၃ ဦးသာ ယှဉ်ပြိုင်နိုင်သည့် ပါတီ ၁၉ ပါတီရှိကြောင်း တွေ့ရှိရပါသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု အတွင်းသာ စည်းရုံးမည့်ပါတီ ၁၅ ပါတီအနက် ကိုယ်စားလှယ်လောင်းဦးရေ ၅၀ အထက်ယှဉ်ပြိုင်သည့် ပါတီ ၁ ပါတီ၊ ၅၀ မှ ၁၀ ကြား ၄ ပါတီနှင့် ၁၀ ဦး အောက် ယှဉ်ပြိုင်သည့်ပါတီ ၁၀ ပါတီတို့ဖြစ်ပြီး ၎င်းတို့အနက် အနည်းဆုံးသတ်မှတ်ချက်ဖြစ်သည့် ၃ ဦးသာ ယှဉ်ပြိုင်သည့်ပါတီ ၄ ပါတီရှိကြောင်း တွေ့ရှိရပါသည်။

အထက်ပါအချက်အလက်များကို လေ့လာသုံးသပ်ပါက ပြည်ထောင်စုတစ်ဝန်းစည်းရုံးမည့်ပါတီ ၇၀ ကျော်အနက် ကိုယ်စားလှယ်နေရာ ၅၀ နေရာနှင့် အထက် ဝင်ရောက်ယှဉ်ပြိုင်သောပါတီ ၁၃ ပါတီ ခန့်သာရှိပြီး အများစုမှာ ကိုယ်စားလှယ်နေရာ ၅၀ အောက်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀ ရာခိုင်နှုန်းကျော်သောပါတီများသည် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့်ကိုယ်စားလှယ်ဦးရေဖြစ်သည့် ၃ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေကို လေ့လာပါက လွှတ်တော်ကိုယ်စားလှယ်နေရာ အနည်းဆုံး ၁ နေရာရရှိသည့်ပါတီများအပါအဝင် အရေအတွက်မှာ ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၉၀ ခန့်အနက် ၂၀ ပါတီ ဝန်းကျင်သာရှိသည်ကို တွေ့ရှိရသည်။ အဆိုပါ စာရင်းဇယား အချက်အလက်များအပေါ် လေ့လာသုံးသပ်ပါက နိုင်ငံရေးပါတီအများစုသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုနှင့်အနိုင်ရရှိမှုနည်းပါးသည်ကိုတွေ့ရပြီး ခိုင်မာအားကောင်းသည့်ပါတီများဖြစ်လာရေး နိုင်ငံရေးယုံကြည်ချက်နှင့် ရည်မှန်းချက်တူသည့်ပါတီများ ပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း သုံးသပ်ရပါသည်။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေပြဋ္ဌာန်းချက်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေတွင် နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်အင်အား၊ ပါတီရုံးခန်းနှင့် ပါတီရန်ပုံငွေများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(က) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀ ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလုံး စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀ ကို ပြည့်မီအောင် စည်းရုံးရမည်ဖြစ်သည်။

(ခ) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်း ဖွင့်လှစ်ရမည်ဖြစ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့် ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း မြို့နယ်အားလုံး၏အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်း ဖွင့်လှစ်ရမည်ဖြစ်သည်။

(ဂ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ် တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ထားရှိရမည် ဖြစ်သည်။ အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခြင်းကို ပယ်ဖျက်ရမည်။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကိုကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက် ပြုကြရမည့်သူများ ဖြစ်ပါသည်။ ထို့ကြောင့် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်သည့် နိုင်ငံရေးပါတီများဖြစ်ရန်လိုပါသည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်စေရန် တစ်နိုင်ငံလုံး စည်းရုံးဆောင်ရွက်မည့်ပါတီဖြစ်ပါက တစ်နိုင်ငံလုံးနှင့် လျော်ညီစွာ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများရှိရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်ပါသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများရှိရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မိမိကိုယ်တိုင် ခိုင်ခိုင်မာမာရပ်တည်ဖွဲ့စည်းနိုင်မှသာ တိုင်းပြည်အကျိုး၊ ပြည်သူများ၏ အကျိုးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် ရေရှည်အကျိုးကိုမျှော်ကိုးပြီး တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် အကျိုးများပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ကြောင်း တွေ့ရပါသည်။

**နိုင်ငံရေးပါတီ**

နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံရေး သိပ္ပံပညာရှင် အင်တိုနီဒေါင်းစ်( Antony Downs)က **"မျှတမှန်ကန်စွာ စီစဉ်ပြုလုပ်ထားတဲ့ ရွေးကောက်ပွဲတွေမှာ ယှဉ်ပြိုင်အနိုင်ယူခြင်းအားဖြင့် အစိုးရယန္တရားတွေကို ထိန်းချုပ်ဖို့ကြိုးစားနေသော လူမှုအဖွဲ့အစည်းတစ်ရပ်ဟာ နိုင်ငံရေးပါတီဖြစ်သည်"** ဟု ဆိုထားသည်။ နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ကျော်ကြားသော သုတေသီတစ်ဦးအဖြစ် နိုင်ငံတကာတွင် အသိအမှတ်ပြုခံထားရသူ အီတလီပညာရှင် ဂျော်ဗန်နီ(Giovanni Sartori)ကလည်း **"ရွေးကောက်ပွဲများတွင် တရားဝင်ကိုယ်ပိုင်သင်္ကေတ တံဆိပ်တစ်ခုကိုကိုင်စွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုရွေးကောက်ပွဲများမှတစ်ဆင့် မိမိ၏ကိုယ်စားလှယ်များအား အစိုးရရာထူးများဆီသို့ ပို့ပေးနိုင်စွမ်းရှိသော နိုင်ငံရေးအစုအဖွဲ့တစ်ခုကို နိုင်ငံရေးပါတီဟုခေါ်သည်"** ဟု ဖွင့်ဆိုထားသည်။ အဆိုပါဖွင့်ဆိုချက်များသည် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ အမျိုးမျိုးကွဲပြားနေကြသော်လည်း တူညီသောအခြေခံလက္ခဏာနှစ်ခုရှိသည်။ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် အစိုးရရာထူးများနှင့် လူထုကိုယ်စားပြုအာဏာရရှိရေးကို ရည်ရွယ်ကြိုးပမ်းလှုပ်ရှားခြင်းတို့သည် နိုင်ငံရေးပါတီများ၏ အရေးကြီးဆုံးသောအခြေခံလက္ခဏာများဖြစ်သည်။

ပါတီတစ်ခုသည် ရွေးကောက်ပွဲတစ်ခုအတွက်သာ ရည်ရွယ်ဖွဲ့စည်းပြီး ရွေးကောက်ပွဲပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ပျောက်ကွယ်သွားသည်မျိုးလည်း မဖြစ်စေရပါ။ ပါတီဆိုသည်မှာ လွတ်လပ်စွာပါတီဝင်အဖြစ် ပါဝင်နိုင်မှုနှင့် ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် တိုင်းပြည်၏ အရေးပါသော ရာထူးနေရာများတွင် တာဝန်ယူပြီး ရှိနေဆဲတာဝန်များ၊ ပြဿနာများကို ဖြေရှင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရသည့် အဖွဲ့အစည်းတစ်ခုဟု ဆိုနိုင်ပေသည်။

**နိုင်ငံရေးပါတီ၏ လုပ်ငန်းတာဝန်များ**

နိုင်ငံရေးဖြစ်စဉ်တွင် အောင်မြင်စွာပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ဒီမိုကရေစီခိုင်မာရေးအတွက် အထောက်အကူပြုနိုင်ရန် ပါတီတစ်ရပ်သည် လိုအပ်သောစွမ်းဆောင်ရည်များ ထုတ်ဖော်ပြသနိုင်ရန်လိုပေသည်။ နိုင်ငံရေးပါတီများသည် လူမှုအကျိုးစီးပွားများကို ဖော်ဆောင်ခြင်း၊ ပါတီဝင်အသစ်များစုစည်း၍ အနာဂတ်နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင်မွေးထုတ်ပေးခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း၊ နိုင်ငံသားများ၏ နိုင်ငံရေးပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးခြင်း စသည်ဖြင့် နိုင်ငံသားနှင့်နိုင်ငံရေးစနစ်တို့ကြား ချိတ်ဆက်နိုင်မှုလမ်းကြောင်းကို ဖန်တီးပေးရသည်။

နိုင်ငံရေးပါတီများသည် လူထုအမြင်ကို ဖော်ဆောင်ပေးနိုင်သည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး ပါတီများ၏ လှုပ်ရှားဆောင်ရွက်မှုများကို အကဲဖြတ်ကာ နိုင်ငံသားများအနေနှင့် မိမိ၏နိုင်ငံရေးယုံကြည်ချက်ကို ပါတီများမှတစ်ဆင့် ရပ်တည်နိုင်ကြသည်။ ပါတီလမ်းစဉ်များကိုကြည့်၍ မဲဆန္ဒရှင်များအနေနှင့် ပါတီတစ်ရပ်သည် လူ့အဖွဲ့အစည်းအတွင်း ရှိနေသော ပြဿနာရပ်များကို သိရှိနားလည်မှုရှိရဲ့လား၊ ပြဿနာနှင့်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် လုံလောက်သော မူဝါဒများ ချမှတ်နိုင်ရဲ့လားဆိုသည်ကို ဆန်းစစ်အကဲဖြတ်နိုင်ပါသည်။ အတိုက်အခံပါတီများ အနေနှင့်လည်း အစိုးရကိုဝေဖန်ခြင်း၊ ထိန်းညှိခြင်းနှင့် ထောက်ပြခြင်း စသည့်လုပ်ငန်းတာဝန်များကို အဓိက လုပ်ဆောင်ကြရသည်။ ဤလုပ်ငန်းတာဝန်သည် ဒီမိုကရေစီစနစ်အတွက် များစွာအရေးပါသည်။ အကြောင်းမှာ အစိုးရတစ်ရပ်သည် အတိုက်အခံမရှိလျှင် ကိုယ့်ကိုယ်ကိုယ်အဟုတ်ကြီးထင်၍ ယုံကြည်မှုလွန်ကဲပြီး အခြားသောဘက်များကို ထည့်သွင်းစဉ်းစားမှုမပြုတော့သောကြောင့် ဖြစ်သည်။

အဆိုပါလုပ်ငန်းတာဝန်များကို ဖြည့်ဆည်းလုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံရေးပါတီများသည် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းတည်ဆောက်ထားသော လူ့အဖွဲ့အစည်းအတွက် အရေးကြီးသောတာဝန်များကို ထမ်းဆောင်ပေးနေခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်မှုက နိုင်ငံရေးပါတီတစ်ရပ်၏ ဂုဏ်သတင်းနှင့်အနာဂတ် အလားအလာကို များစွာအဆုံးအဖြတ်ပေးသွားမည်ဖြစ်ပါသည်။

**ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီများမှတ်ပုံတင်ရခြင်းမှာ နိုင်ငံရေးပလက်ဖောင်းတစ်ခုရရှိရေးဟု ဆွေးနွေးပြောဆိုမှုများရှိကြောင်း တွေ့မြင်သိရှိနေရပါသည်။ လက်တွေ့တွင် နိုင်ငံရေးပလက်ဖောင်းတစ်ခု ရရှိနိုင်ရေးအနေအထားနှင့်သာ တင်းတိမ်မနေသင့်ဘဲ ထို့ထက်မက သော ရည်မှန်းချက်ဖြင့် ဆောင်ရွက်သင့်ပါသည်။ နိုင်ငံရေးပါတီတစ်ခုသည် မိမိအကျိုးစီးပွားတစ်ခုတည်းကြည့်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးကိုသာ ဆောင်ရွက်နေ၍မရပါ။ ရွေးကောက်ပွဲများတွင် အနိုင်ရရှိရန် ပြည်သူများ၏ယုံကြည်မှု၊ အားကိုးမှုကိုရရှိရန် လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အလေးထားပြီး ဒီမိုကရေစီနည်းလမ်းကျကျ မှန်မှန်ကန်ကန်ရပ်တည်ရန်လိုပါသည်။ အကြမ်းဖက်ခြင်း၊ လူသတ်ခြင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေသည့် အဖွဲ့အစည်းများ၊ လုပ်ရပ်များကို မြင်ပါလျက်၊ သိပါလျက်နှင့် မသိချင်ယောင်မဆောင်ဘဲ နိုင်ငံရေးပါတီကောင်းတစ်ခုပီသစွာ ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ ထို့မှသာ ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိပြီး ပြည်သူ၏အားကိုးမှုဖြင့် ရွေးကောက်ပွဲများတွင် ပြည်သူကိုကိုယ်စားပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်သူ၊ ပြည်သားအများစုသည် မိမိတို့ဓလေ့အရ ကြည်ညိုမှုကိုအခြေခံကာ စိတ်ခံစားမှုဖြင့် ယုံကြည်ထောက်ခံလေ့ရှိကြသည်။ ရိုးသားသည့်စိတ်အရင်းခံဖြင့် အလွယ်တကူ လက်ခံယုံကြည်လေ့ရှိသည်။ အဆိုပါ အားနည်းချက်များကို အသုံးပြုကာ အချို့သော နိုင်ငံရေးသမားများ၊ အဖွဲ့အစည်းများက အလွယ်တကူ ခွဲခြားပြောဆိုပြီး သိမ်းသွင်းခဲ့ကြသည်။ လက်ရှိနိုင်ငံရေးအခြေအနေတွင်လည်း ရွေးကောက်ပွဲကိုအကြောင်းပြုပြီး မိမိတို့အဖွဲ့အစည်း အာဏာရရှိရေး မပြုသင့်သည်များ၊ မလုပ်သင့်သည်များကို ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပျက်ပြားခဲ့ရပြီး အကြမ်းဖက်မှုများ၊ သတ်ဖြတ်မှုများပေါ်ပေါက်ခဲ့ရသည်။ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် ယခင်လွှတ်တော်ကိုယ်စားလှယ်များက မဲစာရင်းမှားယွင်းနေမှုများ၊ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း ယခင်အစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့က တစ်စုံတစ်ရာဖြေရှင်းခဲ့ခြင်းမရှိသည့်အတွက် ယခုလို အခြေအနေမျိုးကြုံတွေ့နေရခြင်းဖြစ်သည်။ ဖြစ်ပွားခဲ့သောဖြစ်စဉ်အရ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော နိုင်ငံရေးပါတီများ တည်ရှိရန်လိုအပ်ကြောင်း အထင်အရှားတွေ့ရပေသည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများသည်လည်း ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်လာစေရန်ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ယင်းဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါတီငယ်များ၊ တိုင်းရင်းသားဒေသများရှိ တိုင်းရင်းသားပါတီများအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားပါသည်။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ပါတီကြီးငယ်မရွေး အားလုံးပါဝင်နိုင်ရေးသည် အရေးကြီးသည့်အတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း တွေ့ရပေသည်။

**နိဂုံး**

မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ ပြည်သူလူထု၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်းနေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဓိကအခြေခံရမည့်အချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးစသည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းလျှောက်လှမ်းခဲ့ပါသည်။ ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးမသမာမှုဖြစ်သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

# နဝဒေးဘွဲ့နှင့် မြန်မာစာပေ

မြန်စာမြေ သိန်းလွင်

ရှေးမြန်မာမင်းများလက်ထက်က မြန်မာစာဆိုလောကတွင် စာဆိုတော်ကြီးများအား မြန်မာဘုရင်တို့က ချီးမြှင့်မြှောက်စားသောအနေဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ အမည်၊ အရည်အချင်းများနှင်းအပ်လေ့ရှိပေသည်။ ထိုဘွဲ့ထူး၊ အမည်၊ အရည်အချင်းများအနက် နဝဒေးဟူသောဘွဲ့သည် စာဆိုအကျော်အမော်၊ တံခွန်စိုက်ဘွဲ့ထူးဖြစ်သည်။ ထူးခြားရှားပါးသော ဘွဲ့အမည် တစ်ခုလည်း ဖြစ်လေသည်။

**နဝဒေး**ဟူသောဝေါဟာရကို "စာပေရသ ကိုးပါးကို ပေးစွမ်းနိုင်သောကြောင့်လည်းကောင်း၊ အရပ်ကိုးမျက်နှာ၌ ထင်ရှားထွန်းပသောကြောင့်လည်းကောင်း" ဟူ၍ ပညာရှိများက အမျိုးမျိုးယူဆခဲ့ကြသည်။ လှေသင်းအတွင်းဝန်မင်းဦးချိန် (မဟာဇေယအသင်္ခယာ) ရေးသားသော **ဝေါဟာရလီနတ္ထဒီပနီကျမ်း**တွင်-

"မြစ်ကမ်းအနီး လက်ယက်တွင်း၌ ခပ်ယူတိုင်း ရေထွက်၏။ ပွတ်ခုံ၊ ပွတ်ကျေ၌ ပွတ်လေတိုင်း မီးရ၏။ ပညာရှိတို့ နှုတ်တွင်လည်း ပျို့၊ ကဗျာ၊ လင်္ကာ၊ ချေင်း၊ မော်ကွန်း၊ ရတုစသောစကားကောင်းမရှိဟု မဆိုရာ လိုတိုင်းရ၏။ ဆိုလိုသည်ဟူ၍လည်းကောင်း၊ နဝဒေးဘွဲ့အနက်အဓိပ္ပာယ်မှာ အပြစ်ဆိုစရာမရှိသော ပညာရှိစာဆိုမှူးမတ်ဟု အဓိပ္ပာယ်ယူသင့်သည်ဟူ၍လည်းကောင်း" အဓိပ္ပာယ်ဖွင့်၍ ရှင်းလင်းတင်ပြခဲ့လေသည်။

ဆရာကြီး ဦးဖေမောင်တင်ရေးသောမြန်မာစာပေသမိုင်းတွင် မြန်မာ့စာဆိုလောက၌ နဝဒေးဘွဲ့ဖြင့် ထင်ရှားသူငါးဦးရှိကြောင်းကို အောက်ပါအတိုင်း ဖော်ပြခဲ့၏။

၁။ အကုံရမည်သော ဇင်းမယ်နဝဒေး

၂။ လှော်ကားသုံးထောင်မှူး ခေါ် တောင်ငူနဝဒေး

၃။ စစ်ကိုင်းထောင်သင်း၊ စလင်းလကျာ၊ ပြည်နဝဒေးကြီး၊

၄။ ရွှေတောင်နန္ဒသူ ခေါ် စလင်းနဝဒေး၊

၅။ ဝက်မစွတ်မြို့စားနဝဒေးတို့ဖြစ်သည်။

ဤနဝဒေးဘွဲ့ရသူငါးဦးတို့အနက် ပြည်နဝဒေးကြီးကို ပထမနဝဒေးဟူ၍ခေါ်ပြီးလျှင် ဝက်မစွတ်မြို့စားနဝဒေးကို ဒုတိယနဝဒေးဟုခေါ်ကြ၏။ ဤပုဂ္ဂိုလ်နှစ်ဦးသာလျှင် နဝဒေးဘွဲ့ အထိုက်တန်ဆုံးဖြစ်သောကြောင့်လည်းကောင်း၊ မင်းပေးဘွဲ့ခံဖြစ်သောကြောင့်လည်းကောင်း ကျော်စောထင်ရှားကြ၏။ ကျန်ပုဂ္ဂိုလ်သုံးဦးရရှိသော နဝဒေးဘွဲ့ကား မင်းပေးဘွဲ့ဟုတ်မည်မထင်၊ အများပြည်သူကခေါ်ဝေါ်သောဘွဲ့ဖြစ်တန်ရာ၏။ မင်းအသိအမှတ်မပြုသောကြောင့် မကျော်စောဘဲ နေဟန်တူ၏ ဟူ၍တင်ပြခဲ့လေသည်။ မြန်မာ့စွယ်စုံကျမ်းတွင်မူ "မြန်မာစာပေသမိုင်းတွင် နဝဒေးဘွဲ့ရစာဆိုတော်ငါးဦးခန့်မျှရှိခဲ့သည်"ဟု ဆိုလေသည်။

၎င်းတို့အနက် အကုံရနဝဒေး ခေါ် ဇင်းမယ်နဝဒေး၏ အတ္ထုပ္ပတ္တိအကြောင်းခြင်းရာကိုကား မသိရှိရချေ။ လှော်ကားသုံးထောင်မှူး ခေါ် တောင်ငူနဝဒေးကား မြန်မာသက္ကရာဇ် ၈၆၃ ခုနှစ်တွင် အင်းဝရွှေနန်းရှင် နရပတိလက်ထက် ရွှေနော်ရထာ အရေးနှင့်ပတ်သက်၍ ရှင်ထွေးနားသိမ်တို့နှင့်အတူ တောင်ငူသို့ ခိုဝင်ပြေးလာသူဖြစ်သည်။ ကေတုမတီဘုရင်မင်းကြီးညိုထံတွင် စာဆိုတော်အဖြစ် ခစားထမ်းရွက်သည်။ ထိုအခါ ရေတပ်ဖွဲ့စစ်သည် ၃၀၀၀ ကို အကြီးအမှူးခန့်ထားရာမှ လှော်ကားသုံးထောင်မှူးဟုအမည်တွင်လေသည်။ ရာဇဒေဝဘွဲ့၊ ရာဇဝလဘွဲ့၊ ရာဇဗာဟုဘွဲ့များကိုလည်း ချီးမြှင့်ခြင်းခံရ၏။ သို့သော် နဝဒေးဘွဲ့ကိုလည်းရ၏။ သို့သော် နဝဒေးဘွဲ့နှင့် များစွာမကျော်ကြားချေ။ လှော်ကားသုံးထောင်မှူးသည် မင်းတရားရွှေထီးချေင်း သုံးစောင်၊ ၂၈ စီးမြင်းယဉ်တက်လင်္ကာ၊ ဆင်တော်သန်မြင်စွာမော်ကွန်း၊ မင်းရဲကျော်စွာစုန်ချေင်း၊ မင်းရဲသိင်္ခသူချေင်း စသည်တို့အပြင် ဘုန်းတော်ဘွဲ့ရတု၊ လင်္ကာများကိုလည်း ဖွဲ့ဆိုခဲ့သည်။

ပထမနဝဒေးကြီးဟုလည်းကောင်း၊ ရတုနဝဒေးကြီးဟုလည်းကောင်း ထင်ရှားသောနဝဒေးကြီးသည် တောင်ငူခေတ် မြန်မာသက္ကရာဇ် ၈၉၄ ခုနှစ် ပြည်မြို့တွင် မင်းပြုသောဘုရင်နရပတိလက်ထက်၌ စလင်းစည်သူကျော်ထင်ထံ၌ခစားရာ မင်းလကျာဘွဲ့ကိုရသည်။ ထို့နောက် မြန်မာသက္ကရာဇ် ၉၀၇ ခုနှစ် စစ်ကိုင်း၌ စည်သူကျော်ထင်မင်းပြုရာတွင် မင်းလကျာအား ထောင်သင်းကို အကြီးအမှူးခန့်အပ်သဖြင့် ထောင်သင်းမှူးဟုအမည်တွင်လေသည်။ ထို့နောက်တွင် စစ်ကိုင်းစည်သူကျော်ထင်သည် နရပတိစည်သူအမည်ဖြင့် အင်းဝရွှေနန်းကို စိုးစံရာတွင် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်ကလုပ်ကြံ၍ အင်းဝပျက်လျှင် ဆင်ဖြူများရှင်မင်းတရား၏ ညီတော်ပြည်ဘုရင်သတိုးဓမ္မရာဇာက ထောင်သင်းမှူးကို တောင်းယူ၍ ပြည်သို့ခေါ်ဆောင်သွားရာ 'ပြည်နဝဒေး' ထင်ရှားသည်။ နဝဒေးဘွဲ့ကို မြန်မာသက္ကရာဇ် ၉၂၈ ခုနှစ်တွင် တာ ၃၄၀၀ ရှိ ဟံသာဝတီမြို့ကြီးကို တည်ပြီးနောက် 'ရာဇဌာနီ ပြည်ကြီးတည်၍' အစချီသော ဟံသာဝတီမြို့ဘွဲ့ရတုကိုစပ်ဆိုရာ ထိုဟံသာဝတီမြို့ဘွဲ့ရတုကို ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးက နှစ်ထောင်းအားရတော်မူ၍ သနားချီးမြှင့်တော်မူခဲ့ခြင်းဖြစ်လေသည်။

ရတုပုဒ်ရေပေါင်း ၃၀၀ ကျော်ကို ဖွဲ့ဆိုခဲ့သဖြင့် ရတုနဝဒေးကြီးဟု ထင်ရှားသည်။ ထို့ပြင် ဘုရင့်နှမတော်ချေင်း ခေါ် ယိုးဒယားမိဖုရားချေင်း၊ မင်းတရားမယ်တော်ချေင်း၊ မနော်ဟရီပျို့၊ ရာဇဗျူဟာပျို့များကိုလည်း စပ်ဆိုခဲ့လေသည်။ **စစ်ကိုင်းထောင်သင်း၊ စလင်းလကျာ၊ ပြည်မှာနဝဒေး**ဟူ၍ အမည်သုံးပါးဖြင့် ထင်ရှားကျော်ကြားသူဖြစ်လေသည်။

ရွှေတောင်နန္ဒသူ ခေါ် စလင်းနဝဒေးသည် စလင်းမြို့သားဖြစ်၍ ငယ်မည်မှာ မောင်လှဖြစ်သည်။ မောင်တချပ်ဟုလည်း အမည်မှည့်ခဲ့ရှိ၏။ ကုန်းဘောင်ခေတ် မြန်မာသက္ကရာဇ် ၁၁၂၅ ခုနှစ် ဆင်ဖြူရှင်မင်းတရားလက်ထက်တော်၌ စလင်းမြို့တော်အမှုဆောင် (ရှေ့နေ)တစ်ဦးဖြစ်သည်။ အင်းဝမြို့တော်သို့ရောက်လျှင် စလင်းနဝဒေးဟုခေါ်ကြ၏။ မင်းပေးသောဘွဲ့ကား မဟုတ်ချေ။ ထို့နောက် မြန်မာသက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် နန်းတက်သော စဉ့်ကူးမင်းလက်ထက်၌ ဆင်ချေးတိုက်ဝန်ခန့်အပ်ခြင်းခံရသည်။ ထို့နောက် အနောက်ဝန်ထောက်ခန့်အပ်ပြန်ရာ 'ဆင်ချေးဝန်ထောက်'ဟုခေါ်တွင်လေသည်။ 'ရွှေတောင်နန္ဒသူ'ဘွဲ့ကိုလည်း ထိုမင်းလက်ထက်တော်၌ပင် ရဟန်တူသည်။

ဆင်ဖြူရှင်မင်းလက်ထက်၌ 'ငွေတောင်ရကန်'ကို ဖွဲ့ဆိုခဲ့သည်။ စဉ့်ကူးမင်းလက်ထက်တွင် မွေ့နွှန်းရကန်၊ အင်းဝမြို့ဘွဲ့ရကန်ကေပိုဒ်နှင့် အခြားရကန်များကိုလည်း ရေးသားခဲ့လေသည်။ ဝက်မစွတ်မြို့စားနဝဒေးသည် စစ်ကိုင်းမြို့မြောက်လက်ရွာဝေးရွာသူကြီးမျိုးရိုးဖြစ်သည်။ ငယ်မည်မှာ မောင်နုဖြစ်၍ သူကြီးဘွဲ့မှာ ဗလနန္ဒသူဖြစ်သည်။ ဦးနုသည် ဘိုးတော်ဘုရား၏သားတော် ပုခန်းမင်းသား၏ ကျွန်တော်ရင်းဖြစ်၏။ ဘိုးတော်ဘုရားလက်ထက်တွင် အချီတော်ဝန်ခန့်အပ်၍ ကျော်ထင်ဇေယျသူဘွဲ့ကို ရရှိသည်။ ထို့ပြင် သံတော်ဆင့်ကြီးရာထူးကိုလည်း ရရှိသည်။ တွင်းသင်းမင်းကြီးမဟာစည်သူ ဦးထွန်းညိုကွယ်လွန်အနိစ္စရောက်သောအခါတွင် ဘိုးတော်ဘုရားက သံတော်ဆင့်တိုက်ဝန်ခန့်ရာ မဟာသင်္ခယာစည်သူ၊ မဟာသီရိစည်သူဟူ၍ ဘွဲ့နှစ်ထပ်ဖြင့် ထင်ရှား၏။ ဘကြီးတော်ဘုရားလက်ထက်တွင် မင်းကြီးဥတ္တမသီရိမဟာအသင်္ခယာစည်သူဘွဲ့ရသည်။

မြန်မာသက္ကရာဇ် ၁၁၅၀ ပြည့်နှစ်တွင် ဘိုးတော်ဘုရားအား မိတ္ထီလာကန်တော်မော်ကွန်းဆက်သွင်းရာ ချီးမွမ်းခြင်းခံရ၏။ မြန်မာသက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် ပုခန်းမင်းသား သတိုးမင်းရဲကျော်ခေါင်ကို ရွှေဂူမင်းသမီးနှင့် စုံဖက်ရာတွင် 'တက်ဖြိုးလွှံဝေ၊ သန်းသင်္ချေတို့' အစချီသော မင်္ဂလာလက်ထပ်ရတုကို ဆက်သွင်း၏။ ထို့နောက်တွင် သားတော်၊ သမီးတော် လက်ထပ်မင်္ဂလာရတုများ၊ နားထွင်း၊ သျှောင်ထုံးရတုများ၊ ဘုန်းတော်ဘွဲ့ရတုများကိုလည်း ရေးသားဆက်သွင်းရာ ဘိုးတော်ဘုရားက လွန်စွာနှစ်ခြိုက်သည့်အတွက် ဦးနုအုပ်ချုပ်ရသော ဆားတောင်ငါးရွာတွင် အပါအဝင်ဖြစ်သော ရေကြည်ရွာမှအပြန်တွင် 'နဝဒေးဘွဲ့'ကိုသနားသည်ဟု ဆိုသည်။ ရှင်ဖြူရှင်မယ်ချေင်း၊ ရတုလင်္ကာများအပြင် မော်ကွန်းများကို အများအပြားစပ်ဆိုခဲ့သောကြောင့် မြန်မာ့စာဆိုလောကတွင် မော်ကွန်းနဝဒေးကြီးဟု ထင်ရှားကျော်ကြားခဲ့သည်။

သို့သော် ရှေးဟောင်းမြန်မာစာပေအမွေကို လေ့လာဖော်ထုတ်သူတို့၏ သုတေသနပြုမှုကြောင့် မြန်မာ့စာဆိုလောကတွင် အထက်ဖော်ပြပါ နဝဒေးဘွဲ့ဖြင့်ထင်ရှားသူတို့အပြင် တိမ်မြုပ်ပျောက်ကွယ်နေသော နဝဒေးဘွဲ့ရစာဆိုတော်တစ်ဦးရှိသေးကြောင်းကို မှတ်သားရပေသည်။ ထိုနဝဒေးဘွဲ့ရစာဆိုမှာ ညောင်ရမ်းခေတ်နှောင်း ဟံသာဝတီရောက်မင်းတရားကြီးလက်ထက်တွင် ပေါ်ထွက်ခဲ့သော မြင်းခွာရွှာစားမင်းရာဇာပင်ဖြစ်ပေသည်။ ဝန်ကြီးပဒေသရာဇာနှင့်အမှုတော်အတူထမ်းခဲ့သူစာဆိုဖြစ်၍ ဝန်ကြီးပဒေသရာဇာကို မင်းရာဇာကြီးဟုလည်းကောင်း၊ မြင်းခွာရွှာစား မင်းရာဇာကို မင်းရာဇာငယ်ဟုလည်းကောင်း ခေါ်ဆိုကြသည်။

စာဆိုမြင်းခွာရွှာစားမင်းရာဇာ၏ 'ထာဝရတွက်ကိန်းနည်း'ပေမူအဆုံးတွင် "မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၄ ရက်နေ့၊ အောင်မြေရွှေပြည်ရတုကို မြင်းခွာရွှာစားဆက်ရာတွင် နဝဒေးအမည်ကို သနားတော်မြတ်ခံရသည်"ဟု အမှတ်အသားပါရှိသည်။ ထိုအချက်ကိုကြည့်ခြင်းဖြင့် မြင်းခွာရွှာစားမင်းရာဇာသည် 'နဝဒေးဘွဲ့'ကို ညောင်ရမ်းမင်းဆက်ပြတ်လုနီး တိုင်းပြည်ဗရုတ်ဗရက်ကာလတွင်ရရှိကြောင်း သိနိုင်ပေသည်။ မြန်မာသက္ကရာဇ် ၁၁၁၂ ခုနှစ်တွင် 'သုံးပါးမြတ်စွာ' ချိဟိတကာရီပျို့ကို စပ်ဆိုခဲ့သည်။ ထို့ပြင် ထာဝရတွက်ကိန်းနည်း၊ ဂိုဏ်းရှစ်ပါးရွေးနည်းလင်္ကာ၊ ဟံသာဝတီရောက်မင်းတရားနန်းဖွင့်မော်ကွန်း၊ တပ်ကြီးဘွဲ့မော်ကွန်းတို့ကိုလည်း ရေးဖွဲ့စပ်ဆိုခဲ့၏။ ရတုလင်္ကာအများအပြားကိုလည်း စပ်ဆိုခဲ့မည်မှာမလွဲပေ။ ယခုတွေ့ရှိရသမျှရတုများမှာ နဝဒေးဘွဲ့ကို ပန်ဆင်နိုင်ခဲ့သော 'အောင်မြေရွှေပြည်' ရတုအပါအဝင် စုစုပေါင်း ခြောက်ပုဒ်မျှကိုသာ တွေ့ရှိရသည်။ စာဆိုမြင်းခွာရွှာစားမင်းရာဇာ၏ ဘဝနှင့် စာပေအလင်္ကာတို့မှာ အင်းဝခေတ်အမတ်ကြီးဘိုးရာဇာနှင့်လည်းကောင်း၊ စာဆိုနှင့် တစ်ခေတ်တည်း ပေါ်ထွန်းခဲ့သော ဝန်ကြီးပဒေသရာဇာနှင့်လည်းကောင်း၊ ကုန်းဘောင်ခေတ် မင်းရဲရာဇာဘွဲ့ခံ ပလိပ်စားဦးဖျော်နှင့်လည်းကောင်း ရောထွေးယှက်တင်အမှတ်မှားခဲ့ကြသည်။ စာဆို၏စာပေတို့မှာ တိုင်းပြည်မငြိမ်သက်သောကာလတွင် ပျက်စီးကြ၍ တစ်ကြောင်း၊ စာဆိုတော်အမည်များ၊ အမှတ်အသားများမှားယွင်းမှုကြောင့်တစ်ကြောင်း တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရလေသည်။

ထို့ကြောင့် မြန်မာစာပေသမိုင်းတွင် မြင်းခွာရွှာစား မင်းရာဇာ၏ ဒုတိယနဝဒေးဘွဲ့ရရှိခဲ့ရခြင်းမှာလည်း တိမ်မြုပ်လျက် ကုန်းဘောင်ခေတ်မှဝက်မစွတ်မြို့စားနဝဒေးထံသို့ရောက်ရှိနေခဲ့ပေသည်။ မြန်မာစာဆိုလောကတွင် မင်းပေးသောနဝဒေးဘွဲ့ကို ဟံသာဝတီဆင်ဖြူများရှင်မင်းတရားလက်ထက် ပထမနဝဒေးကြီး (ပြည်နဝဒေး)မှစသည်ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာက ဆိုလေသည်။ သို့ဖြစ်၍ တောင်ငူခေတ်တွင်ထင်ရှားခဲ့သော ပြည်နဝဒေးကြီးကို ပထမနဝဒေးကြီးဟု မှတ်ယူရပေမည်။ ဒုတိယနဝဒေးဘွဲ့ကိုမူ ညောင်ရမ်းခေတ် မြင်းခွာရွှာစား မင်းရာဇာက ဘုရင်မင်းမြတ်ကိုယ်တိုင်ချီးမြှင့်သော နဝဒေးဘွဲ့ကို ကုန်းဘောင်ခေတ်မှ ဝက်မစွတ်မြို့စားနဝဒေးထက် စောစွာရရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် မြင်းခွာရွှာစား မင်းရာဇာသည် ဒုတိယနဝဒေးဘွဲ့ကို ခံယူထိုက်ပေသည်။

သို့ဖြစ်၍ မြန်မာစာပေသမိုင်းတွင် ညောင်ရမ်းခေတ်တွင် ထင်ရှားသော မြင်းခွာရွှာစား မင်းရာဇာ ခေါ် ဒုတိယနဝဒေးအပါအဝင် နဝဒေးဘွဲ့ဖြင့် ထင်ရှားသောစာဆိုတော်များမှာ စုစုပေါင်း ခြောက်ဦးရှိလာမည်ဖြစ်ပေသည်။ ဘုရင်မင်းမြတ်များချီးမြှင့်ပေးခဲ့သော နဝဒေးဘွဲ့ရစာဆိုများတွင်မူ တောင်ငူခေတ် ဟံသာဝတီဆင်ဖြူများရှင်မင်းတရားလက်ထက်တော် ရတုနဝဒေးကြီးကို ပထမနဝဒေးဟု လည်းကောင်း၊ ညောင်ရမ်းခေတ်နှောင်း ဟံသာဝတီရောက် မင်းတရားကြီးလက်ထက် မြင်းခွာရွှာစား မင်းရာဇာကို ဒုတိယနဝဒေးဟုလည်းကောင်း၊ ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက် ဝက်မစွတ်မြို့စားနဝဒေးကို တတိယနဝဒေးဟုလည်းကောင်း ပြင်ဆင်ဖြည့်စွက် မှတ်ယူသင့်ပါကြောင်း တင်ပြအပ်ပါသည်။

> ❖ မြန်မာစာပေသမိုင်းတွင် မြင်းခွာရွှာစား မင်းရာဇာ၏ ဒုတိယနဝဒေးဘွဲ့ရရှိခဲ့ရခြင်းမှာလည်း တိမ်မြုပ်လျက် ကုန်းဘောင်ခေတ်မှ ဝက်မစွတ်မြို့စားနဝဒေးထံသို့ ရောက်ရှိနေခဲ့ပေသည်။ မြန်မာစာဆိုလောကတွင် မင်းပေးသောနဝဒေးဘွဲ့ကို ဟံသာဝတီဆင်ဖြူများရှင်မင်းတရားလက်ထက် ပထမနဝဒေးကြီး (ပြည်နဝဒေး)မှစသည်ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်း ဆရာက ဆိုလေသည်။ သို့ဖြစ်၍ တောင်ငူခေတ်တွင် ထင်ရှားခဲ့သော ပြည်နဝဒေးကြီးကို ပထမနဝဒေးကြီးဟု မှတ်ယူရပေမည်။ ဒုတိယနဝဒေးဘွဲ့ကိုမူ ညောင်ရမ်းခေတ် မြင်းခွာရွှာစား မင်းရာဇာက ဘုရင်မင်းမြတ်ကိုယ်တိုင်ချီးမြှင့်သော နဝဒေးဘွဲ့ကို ကုန်းဘောင်ခေတ်မှ ဝက်မစွတ်မြို့စားနဝဒေးထက် စောစွာရရှိခဲ့သူဖြစ်သည်။❖

**ကိုးကား**

– **ဆန်းထွန်း(မန်းတက္ကသိုလ်)**

– **ဝေါဟာရလီနတ္ထဒီပနီကျမ်း**

– **နဝဒေးရတုပေါင်းချုပ်**

– **ဇာပြစာဆိုပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ်**

– **မောင်သုတ ဗိုလ်မှူးဘသောင်း စာဆိုတော်များအတ္ထုပ္ပတ္တိ**

– **မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**

# Haw Palace (Haw-kham Shan Wi) of Hsenwi Saopha Hkun Hsang Tone Hung inaugurated as Hsenwi Haw Palace Cultural Museum


Senior General Min Aung Hlaing and Daw Kyu Kyu Hla applaud as Hsenwi Haw Palace Cultural Museum is inaugurated.

**Nay Pyi Taw April 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing inaugurated the rebuilt Haw Palace (Haw-kham Shan Wi) of Hsenwi Saopha Hkun Hsang Tone Hung as Hsenwi Haw Palace Cultural Museum this morning.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, Joint Secretary Lt-Gen Ye Win Oo and wife, Council members Admiral Tin Aung San, Dr Kyaw Tun, Khun San Lwin, U Shwe Kyein and U Yan Kyaw, Union Ministers U Khin Maung Yi and U Aung Thaw, Shan State Chief Minister U Aung Zaw Aye, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers of the Office of the Commander-in-Chief and their wives, Commander of North-East Command Maj-Gen Naing Naing Oo, well-wishers and local people.

**Warmly welcome with traditional Ozi dances**

On arrival at the site where the ceremony to open the museum, the Senior General and party were warmly welcomed by Lashio District Deputy Commissioner U Myo Min Tun, departmental officials, town elders, people's militia members and local ethnic people with traditional dances.

Then, the opening of Haw Palace (Haw-kham Shan Wi) rebuilt as Hsenwi Haw Palace Cultural Museum followed.

Speaking on the occasion, the Senior General said that he was glad to meet all ethnic people attending today's Hsenwi cultural museum opening ceremony and expressed his wish for all to be physical and mental well-being.

Shan State including northern Shan State comprising Hsenwi Township is the largest among other 14 regions and states in the Union. It is a state with significant characteristics with residences of many ethnic people. In looking back the history of Shan State, Saophas in Shan plateau had been loyal to the Myanmar kings in successive eras and actively participated in the serving the State interests and in serving the national defence duties.

In the reign of King Hsinbyushin Myedu (Thiri Dhammaraja) in the early Konbaung dynesty, Chinese troops attacked Kengtung in 1127 ME, Bhamo in 1128 ME and Hsenwi in 1129 ME. Shan Saopha troops cooperated with Myanmar king's troops in successfully counterattacking the Chinese troops. Moreover, Shan Saophas organize their people holding any arms to fight against aggressive wars of British colonialists. For example, Wuntho Saopha U Aung Myat was a patriotic person in bravely fighting British colonialists.

The Senior General said he would like to explain north Hsenwi region in connection with the opening of Hsenwi Haw Palace ceremony. In the past, Saophas who ruled northern part of Shan State based in Hsenwi. The Haw palace built by north Hsenwi Saopha in 1910 was destroyed by fire in bomb attacks in April 1944. The global history showed kingdom countries, the states ruled by Maharajas and Saophas. Some countries shifted the administrative systems to the democratic systems. Myanmar reformed the democratic administration called the people's administration in Shan State in 1959. But, the history can never be destroyed and it is necessary to take lessons from the past events to reach the better system. History must be approved. The Senior General expressed his concept that the history of Saophas of Shan State must be exposed and maintained. As request of the local people, the government and the Tatmadaw rebuilt the Haw palace as a symbol of unity of the local ethnic people as a historical building in the region. Likewise, Mongpun Haw Palace has been renovated whereas Kengtung Haw Palace is underway for replica construction. It is sure that the Haw palace will contribute to increase of local and foreign travellers to the region for its development.

Sao Hung Pha, who succeeded his father Sawbwa Khun Hsan Tone Hung,

*See Page 13*


Senior General Min Aung Hlaing sprinkles perfume on the inscription of the museum.


Senior General Min Aung Hlaing sprinkles Thingyan water.


Senior General Min Aung Hlaing hears report on the inaugurated cultural museum.


Senior General Min Aung Hlaing receives a gift.


Senior General Min Aung Hlaing views a cultural object.


Senior General Min Aung Hlaing studies a cultural object.

*From Page 12*

was the last Sawbwa of northern Hsenwi, who served his best in military and civil affairs for the sake of the Union. In 1944-1945, he mobilized local people and led them in fighting against the Japanese. He was also one of the leading Shan Sawbwas to sign in the historic Panglong Agreement on 12 February 1947. On 28 March 1948 when white Yebaws and red Communist troops tried to occupy Lashio, he together with his police fought back by rounding up local people. In the same month, the town could be retaken and handed over to the then government. Sawbwa Sao Hone Pha served as a gazetted officer of Magway District and No. 14 Burma Refile Battalion until he reached the rank of major. He served as chairman of the Shan State government from 1958 to 1960. On Independence Day in 1949, Thadoe Maha Thray Sithu title was conferred on him for his courage and patriotism.

In retrospect, under the leadership of successive northern Hsenwi Sawbwas, local people and ethnics unitedly took part in national defence tasks and the fight against the colonialists and Japanese fascists. To recognize this, the State and Tatmadaw rebuilt the Hsenwi Palace as a landmark and historic building and as a gesture showing unity of Hsenwi town. And I am honoured to see this and believe that the local people will also be delighted.

This new Hsenwi Palace is the pride of Hsenwi town. I am also glad to hear that under the leadership of the Township Shan Literature and Culture Association, the local people will continue their efforts to make it a historic cultural museum for the recreational and knowledgeable center for the people. It is also learnt that religious events will be held there. So, I would like to urge the local ethnics and departmental personnel to cooperate in conserving Hsenwi Palace for its long existence.

**Heartfelt thanks for rebuilding the historic Hsenwi Haw Palace**

Speaking words of thanks, U Sai Myo Nyunt, chairman of the cooperation committee for rebuilding the palace, said the Township Shan Literature and Culture Association requested the Tatmadaw for rebuilding the palace, which fell to ground due to bombings in World War II, without harming the original style. On behalf of the local people, I express my deepest thanks for helping rebuild the palace under the leadership and guidance of the original donor, SAC Chairman Prime Minister Senior General Min Aung Hlaing. I am also honoured to see the Head of State himself give his supervision and guidance in foundation laying and construction tasks.

In our country, since ancient times, local ethnic people such as Shan, Kachin, Kokant, Wa, Palaung, Lahu and Lisu have been residing in the whole northern Shan State including Hsenwi town in unity and in weal and woe. A magnificent building has emerged thanks to the rebuilding of the palace, a cultural heritage of Hsenwi town without harming the original style. It is a landmark that can facilitate regional development and unity reflecting the pride of the Union. He then reiterated his thanks to the State, Tatmadaw and all other administrative bodies, departmental organizations and donors for rebuilding the palace.

After that, member of the State Administration Council Dr. Kyaw Tun, Shan State Chief Minister U Aung Zaw Aye, Quartermaster-General Lieutenant General Kyaw Swa Lin, Commander of the Northeast Command Major General Naing Naing Oo, Chairman of the Shan Literature and Culture Association of Hsenwi Township U Sai Myint Tun, and township elders U Sai San Nyunt and U Sai Khaing Win cut, the ribbon to open the Hsenwi Haw Palace Cultural Museum.

Then, the SAC Chairman opened the Hsenwi Haw Palace Cultural Museum's inscription with a mechanical press and sprinkled perfumes.

After that, the chairman of the SAC, and those who attended the ceremony took a photo together.

After that, the SAC Chairman and those who attended the ceremony paid their respects to the ancient images of the Buddha worshiped by the Sawbwas, including the Sawbwa Hkun Hsang Tone Hung, in the Pagoda Hall of the Hsenwi Haw Palace Cultural Museum and offered flowers, water and candles.


Locals seen welcoming Senior General Min Aung Hlaing and entourage.

After looking at the ancient cultural artefacts, photographs of equipment used by successive Sawbwas and photos of the history of the reconstruction of Haw Palace in the museum and following the presentations of the officials, the SAC Chairman ordered that some of the antiques should be placed in glass displayed cabinets in order to prevent them from being damaged, and that other necessary things should be done.

After that, an official from the Shan Literature and Culture Association presented the SAC Chairman and his wife with paintings and local gifts commemorating the opening of the Hsenwi Haw Palace Cultural Museum, and the newly completed reconstruction of the Haw Palace of the Sawbwa Hkun Hsang Tone Hung (Haw Kunshanwi) and the SAC Chairman presented the souvenirs.

After the ceremony, the SAC Chairman, his wife and members welcomed the New Year together with department officials, members of the militia and the local ethnic people by sprinkling traditional Burmese Ata Thingyan water. After that, when the SAC Chairman, his wife and members left, departmental officials and local indigenous people warmly waved goodbye to them. (Play Audio)

The Hsenwi Haw Palace was built in 1910 AD, in the year 1272, as a grand and magnificent palace by the Hsenwi Sawbwa Hkun Hsang Tone Hung, who had the title of Dasdharma Raja Nigodha Mahaminkhao. It was built in the style of Mandalay Palace using teaks, and it is a structure that includes many buildings connected to each other in one big building. In the middle, there is a large conference hall and a hollow throne. After 33 years of the reign, the Sawbwa died of a heart attack in 1916 AD, in the year 1277, at 1:00 am on Tuesday after midnight, on the 2nd day of the Tagu waxing moon. In 1937 AD, in the year 1299, the Japanese air force bombarded the entire Shan State (northern), and in 1940 AD, Hsenwi was completely occupied by the Japanese. In 1944 AD, American warplanes bombed and destroyed the Hsenwi-Namtu Bridge and also bombed Hsenwi town. As a result of the bombardment, a lot of damage was caused, and the royal palace of Hkun Hsang Tone Hung, who was prominent in history, also damaged. After that, according to the guidance of the Commander-in-Chief of the Defence Services Senior General Min Aung Hlaing, the reconstruction work of Haw Palace was started on December 5, 2019. It is reported that the new Haw Palace building was built 63 feet away from the left of the original building, and today, the opening ceremony of the newly reconstructed Haw Palace of the Sawbwa Hkun Hsang Tone Hung (Haw Kunshanwi) as the Hsenwi Haw Palace Cultural Museum was successfully held, and thousands of local people attended and cheered. 100

# Auspicious ceremony to open Thiri Mingalar Dhamma Ratana three-storey monastic building at Thiri Mingalar Mansu Shan Monastery in Lashio, hoist golden umbrella, pennant-shaped vane, diamond orb atop Sulamani Pagoda on building



**Senior General Min Aung Hlaing and Daw Kyu Kyu Hla attend the ceremony.**

**Yangon April 11**

An auspicious ceremony to open Thiri Mingalar Dhamma Ratana three-storey monastic building donated by well-wishers led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at Thiri Mingalar Mansu Shan Monastery in Lashio, Shan State (North) and to hoist the golden umbrella, pennant-shaped vane and diamond orb atop the Sulamani Pagoda build on the building was held this morning and the ceremony was attended by members of the Sangha led by Thiri Mingalar Mansu Shan Monaster Sayadaw Agga Maha Ganthavacaka Agga Maha Kamathanacariya Agga Maha Suddhama Jotikadhaja Dr Bhaddanta Ponnya Nanda, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, family members, the entourage who accompanied the Senior General and local residents.



**Senior General Min Aung Hlaing conveys the diamond orb to be hoisted atop the pagoda.**



**The ceremony in progress.**

First, the Senior General and wife and party arrived at the monastery and were warmly greeted by Chief Minister of Shan State U Aung Zaw Aye, Commander of the Northeastern Command Maj-Gen Naing Naing Oo, departmental staff and local residents who were performing traditional dances.

Then, the Senior General and party paid obeisance to the Buddha image made of bamboo strips in the prayer hall of the monastery and offered flowers, water and lights.

Afterward, the ceremony to donate the three-storey monastic building began with a three-time recitation of Namo Tassa by the congregation paying homage to Buddha images and the congregation took the sermons delivered by members of the Shagha led by the Sayadaw.

Then, the Senior General and wife offered the jewelled diamond orb, alms and cash donations to the Sayadaw, who presented Dhamma gifts and a certificate of honour to the Senior General.

Afterward, the Senior General and wife and

*See Page 15*



**Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to the Sayadaw.**



**Senior General Min Aung Hlaing and Daw Kyu Kyu Hla receive certificate of honour.**



Senior General Min Aung Hlaing and wife and congregation hear sermon delivered by members of the Sangha.

*From Page 14*

the congregation took sermons from the Sayadaw and shared merits for donations.

Then, the Senior General and wife, family members and the congregation conveyed the golden umbrella, pennant-shaped vane and the jewelled diamond orb to be hoisted atop the pagoda and religious objects to be enshrined in the pagoda on auspicious palanquins from the prayer hall to the auspicious flying chariot.

Then, the Senior General, the joint secretary of the SAC and member Dr Kyaw Tun of the SAC formally opened the three-storey monastic building donated by well-wishers led by the Senior General by cutting a ribbon.

Afterward, the Senior General and the congregation sprinkled scented water on the stone inscription of the three-storey monastic building.

Then, on the auspicious time, the Senior General and wife and party, the attendees and locals conveyed the jewelled diamond orb and the pennant-shaped vane atop the pagoda by the decorated float and sprinkled scented water on them. Next, they performed rituals of golden and silver showers to mark successful completion of the hoisting ceremony.

Then, the Senior General and party sprinkled scented water on the relics to be enshrined in the pagoda.

Afterwards, the Senior General and party paid homage to the pagoda and offered alms in an emerald bowl, water and oil light to the Buddha image in the Buddha shrine room at the pagoda.

Next, a Eugenia tree was planted to mark successful completion of the hoisting ceremony.

After the meeting, the Senior General and wife and the attendees offered day meals to the Sangha and served the guests with lunch.

Afterwards, the Senior General and party went to the Lashio Airport and inspected the expansion of the airport's runway. Union Minister for Transport and Communications and officials reported to the Senior General on the project.

Regarding the reports, the Senior General gave necessary instructions saying the airport in Shan State (North) plays a main role in promoting trade between Myanmar and China. Therefore, it is to upgrade and expand the airport in order that big cargo planes could land. Doing so will be helpful to domestic flights.

The Senior General and party inspected the project of upgrading Lashio Airport and gave instructions to officials on completing tasks planned within the opening season and other needs.

Later, the Senior General and wife and party arrived at the Northeastern Command and enjoyed the Thingyan water pouring event together with officers, other ranks and families of the command welcoming the traditional New Year. 100



Senior General Min Aung Hlaing hears report on extension of Lashio airport.

# Plans to dredge silted creeks and drains, maintain embankments, substitute new valves at sluice gates before monsoon



Dredging work in progress.

**Bago April 11**

The Ministry of Agriculture, Irrigation and Livestock stated that silted creeks and drains will be dredged, embankments maintained, water pumped with solar power and sluice gates substituted in the 2023-24 financial year.

Bago Region Irrigation and Water Utilization Management Department decided to dredging of silted creeks and drains, maintaining embankments, pumping water with the solar power and substituting new valves at the sluice gates in Bago Region in 2023-24 financial year before raining season.

These projects will be implemented with the fund of the region government and the Union government in the 2023-24 financial year. In so doing, open tender will be invited to businesspersons to supply industrial materials for the projects and implementing the projects.

Tender proposals will be sold at the office of the region department from 19 to 21 April 2023 and construction material tenders from 26 to 28 April.

Work tender proposals must be submitted on 27 and 28 April and construction material tenders from 10 to 12 May.

The tenders will be opened at 10 am on 16 May. For further information, contact the region department and its branches in Bago, Toungoo, Thayawady and Pyay, dialing 052-2230035 and 052-2230260. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**စာမျက်နှာ ၁၇ မှအဆက်**

စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် သီရိမင်္ဂလာမွေ့ရတနာသုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက သီရိမင်္ဂလာမွေ့ရတနာသုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဓမ္မာရုံအတွင်းရှိ နီးဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။**







မော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

၎င်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့်အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ၎က်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ၎က်မြတ်နားတော်တို့ကိုစေတီတော်အထွတ်၌တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊၎က်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ငွေမိုးများရွာသွန်းဖြိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စူဠာမုနိစေတီတော်မြတ်အတွင်း ဌာပနာတော်သွင်းလှူပူဇော်မည့် ဓာတ်တော်မွေတော်များကို အမွှေးနံ့သာရည်များ ဖျန်းပက်ပူဇော်ကြသည်။

ယင်းနောက် စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ကာ နိုင်ငံတော်



**သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်စဉ်။**



**သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။**

စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သီရိမင်္ဂလာမွေ့ရတနာသုံးထပ်ကျောင်းဆောင်သစ် ဘုရားခန်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်းတော်တို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် သီရိမင်္ဂလာမွေ့ရတနာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ယင်းကျောင်းဆောင်တော်ပေါ်၌တည်ထားပူဇော်အပ်သည့် စူဠာမုနိစေတီတော်မြတ်အား ရွှေထီးတော်၊ ၎က်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သပြေပင်ကို အမှတ်တရစိုက်ပျိုးပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူ

**သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက အနုမောဒနာတရားနာယူကြစဉ်။**

များသည် သံဃာတော်များကိုလှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းလောင်းလှူခဲ့ကြပြီး တက်ရောက်လာကြသည့်ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးလေဆိပ်သို့ ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က လားရှိုးလေယာဉ်ကွင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ကုန်သွယ်မှုများမြှင့်တင်ဆောင်ရွက်နိုင်မည့်ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှ အဓိကကျသည့် လေယာဉ်ကွင်းတစ်ခုဖြစ်ကြောင်း၊ထို့ကြောင့် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းရှိ လေကြောင်းလိုင်းများပြေးဆွဲမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးလေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စီမံကိန်းလုပ်ငန်းများကို ပွင့်လင်းရာသီကာလအတွင်း သတ်မှတ်ထားသည့်ကာလများအလိုက် လျာထားလုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သို့ရောက်ရှိကြပြီး တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို မြန်မာ့ရိုးရာအတာသင်္ကြန်ရေများပက်ဖျန်း၍ နှစ်သစ်ကိုအတူတကွ ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို မြန်မာ့ရိုးရာအတာသင်္ကြန်ရေများပက်ဖျန်း၍ နှစ်သစ်ကိုအတူတကွ ရင်းနှီးနွေးထွေးစွာကြိုဆိုကြစဉ်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည်တည်ဆောက်ထားသည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။



☆ **ကျောဖုံးမှအဆက်**

တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးအောင်သော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရိုးရာအိုးစည်အကဖြင့် လှိုက်လှဲစွာကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည်တည်ဆောက်ထားသည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူလူထုအပေါင်းကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်းနှင့် အားလုံးကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

**သိန္နီဟော်နန်းပြန်လည်တည်ဆောက်မှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းမျိုးညွန့်က ဟော်နန်းကို ပြန်လည်တည်ဆောက်ပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားစဉ်။**

သိန္နီမြို့နယ်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် ရှမ်းပြည်နယ်သည် ပြည်ထောင်စုကြီး၏ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုအနက် အကြီးမား အကျယ်ပြန့်ဆုံးသော ပြည်နယ်ကြီးတစ်ခုဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံလင်စွာမှီတင်းနေထိုင်ကြသည့် ထူးခြားသောဝိသေသများရှိသည့် ပြည်နယ်ကြီးတစ်ခုလည်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်၏ ဖြစ်စဉ်သမိုင်းကြောင်းကို အနည်းငယ်ပြန်ပြောင်းပြောရမည်ဆိုပါက ရှေးမြန်မာမင်းများ အဆက်ဆက်ကတည်းက ရှမ်းတောင်တန်းဒေသရှိ ပဒေသရာဇ်စော်ဘွားများသည် မြန်မာမင်းများ၏ သစ္စာတော်ကို စောင့်သိနာခံ၍ နိုင်ငံတော်၏ အကျိုးနှင့် နိုင်ငံတော်ကာကွယ်ရေးကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာဓကများ ရှိခဲ့ပါကြောင်း။

ကုန်းဘောင်ခေတ်ဦးပိုင်း ဆင်ဖြူရှင်မြေဒူးမင်း(သီရိဓမ္မရာဇာ) လက်ထက်တရုတ်တပ်များက သက္ကရာဇ် ၁၁၂၇ တွင် ကျိုင်းတုံကိုလည်းကောင်း၊ ၁၁၂၈ တွင် ဗန်းမော်ကိုလည်းကောင်း၊ ၁၁၂၉ တွင် သိန္နီကိုလည်းကောင်း လာရောက်ထိပါးတိုက်ခိုက်ရာတွင် မြန်မာဘုရင်တပ်များနှင့် ရှမ်းစော်ဘွားတပ်များ ပူးပေါင်း၍ အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ထို့ပြင်နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်စစ်များကို ရှမ်းစော်ဘွားကြီးများက မိမိတို့၏ နယ်သူနယ်သားများကို စည်းရုံးဦးဆောင်ပြီး ရရာလက်နက်စွဲကိုင်ကာ ဆန့်ကျင်တော်လှန်ခဲ့ကြသော ထင်ရှားသည့် သာဓကများရှိခဲ့ပါကြောင်း၊ သာဓကအားဖြင့် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် အင်္ဂလိပ်နယ်ချဲ့တို့ကို သူ့ကျွန်မခံဘဲ စွမ်းစွမ်းတမံ ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်ကျင်းပသည့် သိန္နီဟော်နန်းဖွင့်ပွဲနှင့် အကြောင်းတိုက်ဆိုင်သဖြင့် မြောက်သိန္နီနယ်နှင့် ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ ယခင်ကာလ ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင်ကို စီမံအုပ်ချုပ်သော နယ်ရှင်စော်ဘွားများသည် သိန္နီမြို့တွင် အခြေစိုက်ခဲ့ကြပါကြောင်း၊ ၁၉၁၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် မြောက်သိန္နီစော်ဘွားကြီး၏ ဟော်နန်းဆောင်သည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၄ ခုနှစ် ဧပြီလတွင် ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ရပါကြောင်း၊ **ကမ္ဘာ့သမိုင်းတွင် ဘုရင်စနစ်ကျင့်သုံးသည့်နိုင်ငံများ၊ မဟာရာဂျာများအုပ်ချုပ်သည့်ပြည်နယ်များ၊ စော်ဘွားအုပ်ချုပ်သောနယ်များ စသည်ဖြင့်ရှိခဲ့ကြပြီး အချို့သောနိုင်ငံများသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့် နိုင်ငံများအဖြစ် ပြောင်းလဲလာခဲ့ကြပြီဖြစ်**ပါကြောင်း၊ **မိမိတို့နိုင်ငံ၌လည်း ပြည်သူ့အုပ်ချုပ်ရေးဟုခေါ်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးပုံစံကို ရှမ်းပြည်နယ်၌ ၁၉၅၉ ခုနှစ်တွင် ပြောင်းလဲခဲ့ပြီးဖြစ်**ပါကြောင်း၊ သို့သော် **သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍မရသကဲ့သို့ အတိတ်သမိုင်းကို သင်ခန်းစာရယူပြီး ပိုမိုကောင်းမွန်သည့်ခေတ်စနစ်မျိုးကို လျှောက်လှမ်းကြရမည်ဖြစ်**ပါကြောင်း**သမိုင်းကိုလည်း အသိအမှတ်ပြုရမည်ဖြစ်**ပါကြောင်း၊ မိမိအနေဖြင့် ရှမ်းပြည်နယ်တွင်ရှိခဲ့သည့် စော်ဘွားများ၏ သမိုင်းကိုလည်း ဖော်ထုတ်ထိန်းသိမ်းသင့်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် **ဒေသခံပြည်သူလူထု၏ဆန္ဒပြု အကူအညီတောင်းခံမှုနှင့်အတူ သမိုင်းဝင်အဆောက်အအုံတစ်ခုအဖြစ် ဒေသအတွင်း တည်ရှိနေပြီး ဒေသတွင်းရှိ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု ပြယုဂ်တစ်ခုဖြစ်သည့် ဟော်နန်းကို ရှေးမူမပျက်စေဘဲ မူလပုံစံအတိုင်း နိုင်ငံတော်နှင့် တပ်မတော်က ပြန်လည် တည်ဆောက်ပေးခြင်းဖြစ်**ပါကြောင်း၊ **အလားတူ မိုင်းယွန်ဟော်နန်းကိုလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းထားပြီး ကျိုင်းတုံဟော်နန်းကြီးကိုလည်း ပုံစံတူပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေ**ပါကြောင်း၊ **ထိုသို့ဆောင်ရွက်ခြင်းသည် ဒေသအတွင်း ပြည်တွင်းပြည်ပခရီးသွားများ လာရောက် လေ့လာကြည့်ရှုမှုများကြောင့် ဖွံ့ဖြိုးတိုးတက်**

**စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ဘုရားခန်းအတွင်း သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းအပါအဝင် စော်ဘွားအစဉ်အဆက်ကိုးကွယ်ခဲ့သည့် ရှေးဟောင်းဘုရားများကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

**ယခုသိန္နီဟော်နန်းသစ်ကြီးသည် သိန္နီမြို့၏ ဂုဏ်ကျက်သရေဆောင် အဆောက်အအုံကြီးတစ်ခုဖြစ်သကဲ့သို့ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှဦးဆောင်ပြီး ဒေသခံများအနေဖြင့် သမိုင်းဝင်ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ် ဆက်လက်ထူထောင်၍ အများပြည်သူ လေ့လာအပန်းဖြေဗဟုသုတရှာမှီးရာ ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ် ဆက်လက်ကြိုးပမ်း ထူထောင်သွားမည်ဖြစ်ကြောင်း ကြားသိရသည့်အတွက် ဝမ်းမြောက်မိ . . .**

ခုနှစ် မတ်လအတွင်း ပြန်လည်တိုက်ခိုက်သိမ်းယူပြီး အစိုးရကို ပြန်လည်အပ်နှင်းနိုင်ခဲ့ပါကြောင်း၊ စော်ဘွားကြီး စပ်ဟုံဖသည် မကွေးခရိုင် နယ်ပိုင်ဝန်ထောက်အဖြစ်လည်းကောင်း၊ အမှတ်(၁၄) ဘားမားရိုင်ဖယ်တပ်ရင်းတွင် ဗိုလ်မှူးအဆင့်ထိလည်းကောင်း တာဝန်များထမ်းဆောင်ခဲ့ပါကြောင်း။

အတိတ်သမိုင်းက မြောက်သိန္နီစော်ဘွားကြီး အဆက်ဆက်၏ စည်းရုံးဦးဆောင်မှုဖြင့် နယ်သူနယ်သားများ၊ ဒေသခံတိုင်းရင်းသားများသည် စည်းလုံးညီညွတ်စွာနှင့် နိုင်ငံတော်ကာကွယ်ရေး၊ နယ်ချဲ့ကျူးကျော်စစ် ခုခံတွန်းလှန်ရေး၊









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အစမ်းအနားတက်ရောက်လာကြသူများက သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပစ္စည်းများ၊ စော်ဘွားကြီးများအဆက်ဆက်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဟော်နန်းပြန်လည်တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

**စည်ပင်သာယာရေးကိုလည်း အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မျှော်လင့်**ပါကြောင်း။

စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ အရိုက်အရာကိုဆက်ခံသည့် သားတော် စပ်ဟုံဖသည် မြောက်သိန္နီနယ်၏ နောက်ဆုံးဆက်ခံသည့် စော်ဘွားကြီးဖြစ်ပြီး စစ်ဘက်နယ်ဘက် တာဝန်များကို ထမ်းဆောင်လျက် ပြည်ထောင်စုကြီးကို များစွာ အလုပ်အကျွေးပြုခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါကြောင်း၊ ၁၉၄၄-၁၉၄၅ ခုနှစ်တွင် နယ်သူနယ်သားများကို စုစည်းပြီး တပ်ဖွဲ့ကိုဦးဆောင်လျက် ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် မော်ကွန်းဝင် ပင်လုံစာချုပ်ကြီးကို ရှမ်းစော်ဘွားများ ခေါင်းဆောင်တစ်ဦးအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါကြောင်း၊ ၁၉၄၈ ခုနှစ် မတ် ၂၈ ရက်တွင် လားရှိုးမြို့ကို ရဲဘော်ဖြူနှင့် ကွန်မြူနစ်တပ်နီများ ဝင်ရောက်သိမ်းပိုက်ရာ မိမိနယ်က ရဲအမှုထမ်းနှင့် နယ်တွင်းမှ လူသူစုဆောင်းပြီး လားရှိုးမြို့ကို ၁၉၄၈ ပါကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ်အစိုးရ ဥက္ကဋ္ဌအဖြစ် ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ထိ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် **၁၉၄၉ ခုနှစ် လွတ်လပ်ရေးနေ့တွင် စော်ဘွားကြီး၏ ရဲစွမ်းသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့်အနေဖြင့် သတိုးမဟာသရေစည်သူဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့**ဖက်ဆစ်ဆန့်ကျင် တော်လှန်ရေးများကို ခေတ်အဆက်ဆက် ပါဝင်ဆင်နွှဲခဲ့ကြပါကြောင်း၊ ယင်းကို အသိအမှတ်ပြုသောအားဖြင့် သိန္နီနယ်၏ စည်းလုံးညီညွတ်မှုပြယုဂ်တစ်ခုလည်းဖြစ်၊ သမိုင်းဝင်အဆောက်အအုံ တစ်ခုလည်းဖြစ်သည့် သိန္နီဟော်နန်းကြီးကို ဒေသခံပြည်သူများ၏

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ဆန္ဒနှင့်အညီ နိုင်ငံတော်နှင့်တပ်မတော်က ရှေးမူမပျက် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းအတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း နှစ်ထောင်းအားရ ဝမ်းသာဖြစ်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခု သိန်းနီဟော်နန်းသစ်ကြီးသည် သိန်းနီမြို့၏ ဂုဏ်ကျက်သရေဆောင် အဆောက်အအုံကြီးတစ်ခု ဖြစ်သကဲ့သို့ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းက ဦးဆောင်ပြီး ဒေသခံများအနေဖြင့် သမိုင်းဝင်ယဉ်ကျေးမှု ပြတိုက်ကြီးအဖြစ် ဆက်လက်ထူထောင်၍ အများပြည်သူ လေ့လာအပန်းဖြေ ဗဟုသုတရှာမှီးရာ ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ် ဆက်လက်ကြိုးပမ်း ထူထောင်သွားမည်ဖြစ်ကြောင်း ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအထိမ်းအမှတ်ပန်းချီကားနှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်စဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပစ္စည်းများ၊ စော်ဘွားကြီးများအဆက်ဆက်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဟော်နန်းပြန်လည်တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ကြောင်း၊ ဘာသာသာသနာဆိုင်ရာ အခမ်းအနားများလည်း ကျင်းပသည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် သိန္နီဟော်နန်းကြီး သာယာလှပခိုင်ခံ့စွာဖြင့် အမွန့်ရှည်တည်ရှိရေးအတွက် ဒေသခံတိုင်းရင်းသားများနှင့် ဌာနဆိုင်ရာ အသီးသီးမှ ပြည်သူ့ဝန်ထမ်းများအားလုံးက ပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

## သမိုင်းဝင် မြို့ကျက်သရေဆောင် သိန္နီဟော်နန်းကြီးကို ပြန်လည်တည်ဆောက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိ

ယင်းနောက် ဒေသခံမြို့မိမြို့ဖတစ်ဦး ဖြစ်သည့် သိန္နီဟော်နန်း ပြန်လည်တည်ဆောက်မှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းမိုးညွန့်က ဟော်နန်းကို ပြန်လည်တည်ဆောက်ပေးမှုအတွက် **စာမျက်နှာ ၂၂ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဌာနဆိုင်ရာတာဝန်ရှိသူများ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို မြန်မာ့ရိုးရာအတာသင်္ကြန်ရေများပက်ဖျန်း၍ နှစ်သစ်ကို အတူတကွရင်းနှီးနွေးထွေးစွာကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

ကျေးဇူးတင်စကားပြောကြားရာတွင် သိန္နီ မြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း အနေဖြင့် ဒေသတွင်းရှိ ရဟန်းရှင်လူ ပြည်သူအပေါင်း၏ဆန္ဒကိုခံယူပြီး ဒုတိယ ကမ္ဘာစစ်ကာလအတွင်း ဗုံးဒဏ်ကြောင့် မီးလောင်မြေခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံ တစ်ခုဖြစ်သော စော်ဘွားကြီး ခွန်ဆန် တုန်ဟုန်း၏ဟော်နန်းကို ရှေးမူရင်း လက်ရာမပျက် အသစ်တစ်ဖန်ပြန်လည် တည်ဆောက်နိုင်ရေးအတွက် တပ်မတော် ကို တင်ပြအကူအညီတောင်းခံခဲ့ကြောင်း၊ ယခုဟော်နန်းကြီး၏ မူလအလှူရှင်ဖြစ် သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်နှင့်တပ်မတော်က ယခုဟော် နန်းကြီးကို ကူညီတည်ဆောက်ပေးခဲ့သည့် အတွက် ဒေသခံပြည်သူလူထုအားလုံး ကိုယ်စားအထူးကျေးဇူးတင်ဝမ်းမြောက်ပါ ကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ပန္နက်တော်တင် ဆောင်ရွက်ပေးခြင်းနှင့် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက် နေစဉ်ကာလတွင်လည်း ကိုယ်တိုင်စစ်ဆေး လမ်းညွှန်မှုများကို ဆောင်ရွက်ပေးခဲ့သည့် အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**မိမိတို့ဒေသအတွင်း မှီတင်းနေထိုင်ကြ သည့် ရှမ်း၊ကချင်၊ကိုးကန့်၊ "ဝ" ၊ပလောင်၊ လားဟူ၊ လီဆူအစရှိသည့် ဒေသခံတိုင်းရင်း သားလူမျိုးများသည် ရှေးပဝေသဏီကပင် သိန္နီမြို့ အပါအဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း)တစ်ခွင်တွင် ချစ်ကြည်စည်းလုံး စွာဖြင့် အေးအတူပူအမျှ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာ ကောင်းများ ရှိခဲ့ကြသည်ရှိ**ပါကြောင်း၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၏ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ် သော ယခုဟော်နန်းကြီးကို မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်ပေးခြင်းဖြင့် သိန္နီမြို့ နယ်၏ ဂုဏ်ယူဖွယ်ရာ အထင်ကရ ကျက်သရေဆောင် အဆောက်အအုံကြီး တစ်ခု ပြန်လည်ပေါ်ထွန်းခဲ့ပြီး ဒေသဖွံ့ဖြိုး ရေး၊ ဒေသတွင်းတိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို များစွာအထောက်အကူ ဖြစ်စေ၍ ပြည်ထောင်စုကြီး၏ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသည့် သမိုင်းမှတ်တိုင် ကြီးတစ်ခုဖြစ်**သည်ကို အလေးအနက်တင်ပြ အပ်ပါကြောင်း၊ ယခုဟော်နန်းကြီးကို ရှေးမူမပျက် မူလပုံစံအတိုင်း ပြန်လည် တည်ဆောက်ပေးပါသော နိုင်ငံတော်နှင့် တပ်မတော်၏ စေတနာ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော အုပ်ချုပ် ရေးဌာနအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊အလှူရှင်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုကျေးဇူး တင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ သိန္နီမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းမြင့်ထွန်း၊ မြို့မိမြို့ဖများ ဖြစ်ကြသည့် ဦးစိုင်းစံညွှန့်နှင့် ဦးစိုင်းခိုင်ဝင်း တို့က သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သိန္နီ ဟော်နန်းယဉ်ကျေးမှုပြတိုက် ကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အခမ်းအနားတက်ရောက်လာကြသူ များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ဒေသခံပြည်သူလူထု၏ ဆန္ဒပြုအကူအညီတောင်းခံမှုနှင့်အတူ သမိုင်းဝင်အဆောက်အအုံ တစ်ခုအဖြစ် ဒေသအတွင်းတည်ရှိနေပြီး ဒေသတွင်းရှိ တိုင်းရင်းသားများ၏စည်းလုံးညီညွတ် မှုပြယုဂ်တစ်ခုဖြစ်သည့် ဟော်နန်းကို ရှေးမူမပျက်စေဘဲ မူလပုံစံအတိုင်း နိုင်ငံတော်နှင့် တပ်မတော်မှ ပြန်လည်တည်ဆောက်ပေးခြင်းဖြစ်၊ အလားတူ မိုင်းပွန်ဟော်နန်းကိုလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းထားပြီး ကျိုင်းတုံဟော်နန်းကြီးကိုလည်း ပုံစံတူပြန်လည်တည်ဆောက် ရေးဆောင်ရွက်နေ၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဒေသအတွင်း ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာကြည့်ရှုမှုများကြောင့် ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာရေးကိုလည်း အထောက် အကူဖြစ်စေမည်ဟု ယုံကြည်မျှော်လင့် . . .

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများ သည် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် အတွင်းရှိ ဘုရားခန်းအတွင်း သိန္နီ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း အပါအဝင် စော်ဘွားအစဉ်အဆက် ကိုးကွယ်ခဲ့သည့် ရှေးဟောင်းဘုရားများကို ဖူးမြော်ကြည်ညို ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် သည်။ ထို့နောက် သိန္နီဟော်နန်းယဉ်ကျေးမှု ပြတိုက်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု လက်ရာပစ္စည်းများ၊ စော်ဘွားကြီးများ အဆက်ဆက်အသုံးပြုခဲ့သည့် အသုံး အဆောင်ပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံ များ၊ ဟော်နန်းပြန်လည်တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းလက်ရာများသည် တန်ဖိုးဖြတ် မရသည့်ပစ္စည်းများဖြစ်သဖြင့် ထိခိုက်ပျက်စီး မှုများမရှိစေရေး အချို့သောရှေးဟောင်း ပစ္စည်းများကို မှန်ဆောင်များဖြင့်ထည့်သွင်း ပြသထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း မှ တာဝန်ရှိသူတစ်ဦးက သိန္နီစော်ဘွား ကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည် တည်ဆောက်ပြီးစီးခဲ့ပြီး သိန္နီဟော်နန်း ယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအထိမ်းအမှတ် ပန်းချီကားနှင့် ဒေသထွက်လက်ဆောင် ပစ္စည်းများကိုပေးအပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင် ပစ္စည်းပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ် အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို မြန်မာ့ရိုးရာအတာသင်္ကြန် ရေများပက်ဖျန်း၍ နှစ်သစ်ကို အတူတကွ ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များပြန်လည်ထွက်ခွာရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သိန္နီဟော်နန်းကို အေဒီ ၁၉၁၀ ပြည့်နှစ် သက္ကရာဇ် ၁၂၇၂ ခုနှစ် တွင် ဒသမမွေရာဇာနိဂြောဓမဟာမင်းခေါင် ဘွဲ့တော်ရ သိန္နီစော်ဘွားကြီး ခွန်ဆန် တုန်ဟုန်းက ကြီးကျယ်ခမ်းနားထည်ဝါသည့် ဟော်နန်းအသစ်ကြီးအဖြစ် တည်ဆောက် ခဲ့ခြင်းဖြစ်ကြောင်း၊ ကျွန်းသားအစစ်များဖြင့် မန္တလေးနန်းတော်ပုံစံအတိုင်းဆောက်လုပ် ထားပြီး အဆောက်အအုံကြီးတစ်ခုထဲတွင် တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော အဆောက်အအုံများစွာပါဝင်သည့် ပုံစံ ဖြစ်ကြောင်း၊ အလယ်တည့်တည့်တွင် ညီလာခံခန်းမကြီးတစ်ခုနှင့် မြေပေါ်က် ပလ္လင်တော်တစ်ခုလည်း ပါရှိကြောင်း၊ စော်ဘွားကြီးသည် နှလုံးလေဖပ်သည့် ရောဂါဖြင့် နန်းတက်ကာလ ၃၃ နှစ်၊ အေဒီ ၁၉၁၆ ခုနှစ်၊ သက္ကရာဇ် ၁၂၇၇ ခုနှစ် တန်ခူးလဆန်း ၂ ရက် အင်္ဂါနေ့ ညဉ့်သန်း ခေါင်ကျော် နံနက် ၁ နာရီတွင် နတ်ရွာစံ ကံတော်ကုန်ခဲ့ကြောင်း၊ အေဒီ ၁၉၃၇ ခုနှစ်၊ သက္ကရာဇ် ၁၂၉၉ ခုနှစ်တွင် ဂျပန်လေတပ် များက ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင် လုံးကို ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး အေဒီ ၁၉၄၀ ပြည့်နှစ်တွင် သိန္နီကို ဂျပန်တို့က အပြီးအပိုင်သိမ်းပိုက်ခဲ့ကြောင်း၊ အေဒီ ၁၉၄၄ ခုနှစ်တွင် အမေရိကန် စစ်လေယာဉ်များသည် သိန္နီ-နမ္မတူ ချောင်းကူးတံတားကို ဗုံးကြဲဖျက်ဆီးခဲ့ပြီး သိန္နီမြို့ကိုလည်း ဗုံးများ ကြဲချတိုက်ခိုက် ခဲ့ကြောင်း၊ ထိုသို့ ဗုံးများ ကြဲချတိုက်ခိုက် ခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး သမိုင်းတွင်ထင်ရှားခဲ့သည့် သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းကြီးသည်လည်း မြေခပျက်စီး ဆုံးရှုံးခဲ့ရကြောင်း၊ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဟော်နန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဟော်နန်းအဆောက်အအုံသစ်ကို မူလ အဆောက်အအုံဟောင်း မြေနေရာ၏ လက်ဝဲဘက် ၆၃ ပေအကွာ၌ ဆောက်လုပ် ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယနေ့တွင် အသစ် ပြန်လည် တည်ဆောက်ပြီးစီးခဲ့သည့် သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ)ကို သိန္နီဟော်နန်း ယဉ်ကျေးမှုပြတိုက်အဖြစ် ဖွင့်လှစ်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများက သောင်းသောင်း ဖြဖြစည်ကားများပြားစွာဖြင့် တက်ရောက် အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၃ ခုနှစ် ဧပြီ ၁၃ ရက်(ကြာသပတေးနေ့)မှ ဧပြီ ၁၈ ရက်(အင်္ဂါနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပုံမှန် အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေး အပ်ပါသည်။

# ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် NUG ရုံးကို တိုက်ခိုက်ချေမှုန်းမှုနှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

ပထမဦးဆုံးကတော့ ဒီကန့်ဘလူဒေသ ပဇီကြီးကျေးရွာနဲ့ ပတ်သက်ပြီး နောက်ခံအခြေအနေကိုသိထားဖို့လိုပါတယ်။ ဒီနှစ်မတ်လပိုင်းက ပဇီကြီးကျေးရွာဥက္ကဋ္ဌကို PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက စွပ်စွဲပြီးတော့ သတ်ဖြတ်ခဲ့တဲ့အဖြစ်အပျက်တွေရှိခဲ့တယ်။ပြီးရင် ပဇီကြီးကျေးရွာမှာ တစ်ရွာလုံးကိုခြိမ်းခြောက်ပြီး PDF အဖြစ် ခိုင်းတဲ့ဟာတွေရှိတယ်။ နောက်ကွယ်မှာရှိနေတဲ့ အဖွဲ့တွေကိုလဲ သိပြီးဖြစ်ပါလိမ့်မယ်။ ဒီနောက်ပိုင်းမှာတော့ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့တွေနဲ့လှုံ့ဆော်နေတာတွေလဲ တွေ့ရလိမ့်မယ်။စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တချို့ကျေးရွာတွေမှာ ခုနပြောတဲ့ သူတို့အကြမ်းဖက်ကိုပဲ အမည်ခံထားတဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့လိုဟာမျိုးတွေ ပြီးရင်တော့ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရုံးတွေဖွင့်ဖို့လှုံ့ဆော်နေတာတွေရှိပါတယ်။တပ်မတော်အနေနဲ့ကတော့ ဒီဒေသမှာတည်ငြိမ်အေးချမ်းရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေတာရှိပါတယ်။ အခုဆိုရင်လဲ စစ်ကိုင်းတိုင်းဒေသကြီးဟာ ဘုန်းကြီးတွေ၊ ရဟန်းတွေ၊ ကျောင်းဆရာ၊ ဆရာမတွေ ပြီးရင်အပြစ်မဲ့ပြည်သူလူထုကို စွပ်စွဲသတ်ဖြတ်တာ အများဆုံးဒေသဖြစ်ပါတယ်။ ပြီးရင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာပဲ သူတို့ကိုမထောက်ခံတဲ့သူတွေ၊သူတို့ကိုမထောက်ခံတဲ့ရွာတွေကို မီးရှို့ဖျက်ဆီးတာလဲအများဆုံးဖြစ်ပါတယ်။

ဒီမနက်ဖြစ်စဉ်မှာတော့ မနက် ၈ နာရီလောက်မှာ အဲ့ဒီပဇီကြီးကျေးရွာမှာ NUG၊ CRPH အမည်ခံအဖွဲ့ကသူတို့ပြောနေတဲ့ ရုံးခန်းဖွင့်ပွဲဆိုတဲ့ဟာလုပ်ပါတယ်။ပြီးရင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ အမည်ခံ PDF အမည်ခံအဖွဲ့တွေရဲ့ရုံးဖွင့်ပွဲဆိုတဲ့ဟာလုပ်ပါတယ်။ ရုံးဖွင့်ပွဲဆိုတဲ့ဟာကို လုပ်ဆောင်ပါတယ်။ကျွန်တော်တို့အနေနဲ့ ဒီဟာနဲ့ပတ်သက်ပြီး တိုက်ခိုက်မှုရှိပါတယ်။ တိုက်ခိုက်မှုရှိတဲ့အခါမှာတော့ ကျွန်တော်တို့ ဒီအခမ်းအနားမှာရှိနေတဲ့ PDF အမည်ခံအဖွဲ့တွေသေဆုံးတယ်ဆိုတာလဲ ကျွန်တော်တို့သိရပါတယ်။ဒါပြောရမယ်ဆိုရင်တော့ နိုင်ငံတော်အစိုးရ၊ပြည်သူလူထုကိုဆန့်ကျင်လုပ်ဆောင်နေတဲ့အဖွဲ့တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့အရင်တုန်းကအတိုင်းပြောခဲ့ဖူးသလို ပုံတွေတက်လာတာလဲတွေ့ရမှာဖြစ်ပါ




တယ်။ အဖွဲ့တွေတော်တော်များများက ယူနီဖောင်းနဲ့ပုံတွေဖြစ်ပါတယ်။ တချို့လဲအရပ်ဝတ်နဲ့ပုံပါချင်ပါမှာပေါ့။ ဒါတွေကတော့ သူတို့အနေနဲ့ကတော့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ အရပ်ဝတ်နဲ့ သေဆုံးသွားတယ်ဆိုရင် အရပ်သားသေဆုံးတယ်လို့ပြောတယ်။ သူတို့ အောင်ပွဲရရင်တော့ PDF ပါဆိုပြီးပြောတဲ့ဟာတွေရှိပါတယ်။ဒီလိုစွပ်စွဲချက်တွေကတော့ထွက်ပေါ်နေမှာပဲဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ မြေပြင်သတင်းမှာလဲ ရရှိတဲ့သတင်းအရ ဒါကျွန်တော်တို့ရဲ့တိုက်ခိုက်မှု တစ်ခုတည်းကြောင့်ဖြစ်သွားတာမဟုတ်ပါဘူး။ မြေပြင်မှာတော့ အဲ့ဒီအဖွဲ့တွေအနေနဲ့ အဲ့ဒီနေရာလေးတစ်ဝိုက်မှာ သူတို့ PDF အဖွဲ့ကနေအသုံးပြုနေတဲ့ မိုင်းတွေထောင်ထားတာတွေရှိတယ်။ ပြီးရင် PDF အဖွဲ့တွေအသုံးပြုနေတဲ့ ယမ်းတွေမိုင်းတွေကို သိုလှောင်ထားတဲ့ ခဲယမ်းထားရှိတဲ့နေရာရှိတယ်။အဲ့နေရာတည့်တည့်ကို ကျွန်တော်တို့လက်နက်ထိမှန်တဲ့အတွက်ကြောင့်မို့လို့ ပေါက်ကွဲပြီးတော့ သေဆုံးသွားတယ်ဆိုတာကိုလဲ ကျွန်တော်တို့သတင်းအတိအကျရရှိထားပြီးဖြစ်ပါတယ်။ ဒီ PDF အမည်ခံအဖွဲ့တွေရဲ့ မြေပြင်လုပ်ဆောင်နေတာတွေဟာ တကယ့်စစ်ရာဇဝတ်မှုကိုကျူးလွန်နေတာဖြစ်တယ်။ မြေပြင်မှာလုပ်ဆောင်နေတာတွေဟာ တကယ့်ရက်စက်ကြမ်းကြုတ်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်နေတာဖြစ်တယ်။သူတို့ရဲ့လုပ်ဆောင်နေတဲ့ဟာတွေဟာ သူတို့ကိုမထောက်ခံတဲ့ရွာ၊ မထောက်ခံတဲ့ရွာတောင်မဟုတ်ဘူး ကြားနေတဲ့ရွာတွေကိုမီးရှို့ဖျက်ဆီးတာတွေ၊ ခြိမ်းခြောက်တာတွေလုပ်တယ်။ ဒါ့ပြင် သူတို့အနေနဲ့ ကျွန်တော်တို့ မကြာခဏသတင်းထုတ်ပြန်ပြီးဖြစ်တယ်။ ကျေးရွာတွေမှာရှိတဲ့ ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေကိုခံစစ်နေရာအဖြစ် အသုံးပြုတာတွေရှိတယ်။ ကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေကိုပိတ်ခိုင်းထားပြီး တချို့နေရာတွေမှာ သဲအိတ်တွေထပ်ပြီး ဘန်ကာသဖွယ်အသုံးပြုနေတဲ့ဟာမျိုးတွေရှိတယ်။ ဒါ့ပြင် သူတို့ရဲ့ ပိုပြီးယုတ်မာမှုက ဘာကိုယုတ်မာလည်းဆိုတော့ သူတို့တစ်ခုခုအခမ်းအနားတစ်ခုလုပ်ပြီး သင်တန်း ဥပမာပေါ့နော် PDF အကြမ်းဖက်အဖွဲ့ မတက်မနေရ၊ တစ်အိမ်ကိုတစ်ယောက်မတက်မနေရဆိုပြီး ခြိမ်းခြောက်တဲ့အနေနဲ့တက်ခိုင်းတယ်။ရက်ပိုင်းမှာသင်တန်းဆင်းပွဲလုပ်တယ်။လုပ်ပြီဆိုရင်မဖြစ်မနေ အိမ်တိုင်းက မိန်းမတွေ၊ ကလေးတွေပါ ထွက်ပြီးတော့ကျမှ အားပေးဝန်းရံတယ်ဆိုပြီး လုပ်တာတွေတွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ တောင်မှ စုံစမ်းစရာမလိုဘူး သူတို့ဆီကနေထွက်ပေါ်နေတဲ့ပုံတွေက ကလေးတွေကအစ သေနတ်ကိုင်ထားတဲ့ပုံတွေတွေ့ရပါလိမ့်မယ်။ကလေးတွေကအစ သူတို့အကြမ်းဖက်အဖွဲ့ကို ကြိုဆိုခိုင်းထားတာတွေတွေ့ရပါလိမ့်မယ်။ ဒီလိုတိုက်ခိုက်တဲ့နေရာမှာ ကျွန်တော်ပြောသလို သူတို့ရဲ့လက်နက်ခဲယမ်းတိုက် ယမ်းတွေသိုလှောင်ထားတဲ့ နေရာထိမှန်ခဲ့တာရှိတယ်။ အဲ့ဒီကနေ ပေါက်ကွဲခဲ့တာရှိတယ်။ အဲ့ဒီကနေ ပေါက်ကွဲခဲ့တဲ့အတွက်ကြောင့်မို့လို့ ခုနပြောတဲ့ သူတို့အတင်းဝန်းရံခိုင်းထားတဲ့သူတွေပေါ့။ PDF ထောက်ခံသူတွေ၊ ဒါမှမဟုတ်သူတို့ကိုကြောက်လို့ ဝန်းရံနေရတဲ့သူတွေရဲ့ထိခိုက်ဒဏ်ရာရရှိမှုတော့ရှိကောင်းရှိနိုင်တယ်လို့ပဲ ကျွန်တော်ဖြေချင်ပါတယ်ဗျ။

# PDF အမည်ခံအကြမ်းဖက်သမားများက မင်းကင်းမြို့နယ် မအူကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲကို မီးရှို့ဖျက်ဆီး

မင်းကင်းမြို့နယ်၊ မအူကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား
PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် ဧပြီ ၁၁**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် မအူကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲကို PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၄ နာရီခွဲခန့်တွင် လာရောက်မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပြီး အကြမ်းဖက်သမားများ၏မီးရှို့ဖျက်ဆီးမှုကြောင့် တစ်ထပ်ဆောင်စာသင်ကျောင်း သုံးလုံးနှင့် အုပ်ချုပ်မှုအဆောက်အအုံသုံးလုံးတို့မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးရှို့ဖျက်ဆီးခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်NUG ရုံးကို တိုက်ခိုက်ချေမှုန်း

**နေပြည်တော် ဧပြီ ၁၁**

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် အခြေခံစခန်းတည်ဆောက်၍ စစ်ကိုင်းတိုင်းဒေသကြီးနေရာအနှံ့ရှိ အပြစ်မဲ့ပြည်သူများကို ဥပဒေမဲ့နှိပ်စက်သတ်ဖြတ်ခြင်း၊နိုင်ငံ့ဝန်ထမ်းများကို နှိပ်စက်သတ်ဖြတ်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများကို Drop Bomb ချခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ ဘုန်းကြီးကျောင်းများကိုဗုံးခွဲတိုက်ခိုက်ခြင်း၊ ၎င်းတို့ကိုမထောက်ခံသည့် သာသနာ့ဝန်ဆောင်ရဟန်းသံဃာများ၊သီလရှင်များကို ရက်စက်စွာသတ်ဖြတ်ခြင်းများပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်ထိ အပြစ်မဲ့ပြည်သူ ၁၅၉၃ဦး၊ အုပ်ချုပ်ရေးမှူး ၉၂ ဦး၊ ကျောင်းဆရာ၊ ဆရာမ ၂၆ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၉၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ခုနစ်ဦးနှင့် အခြားဝန်ထမ်း ၅၄ ဦး၊ ရဟန်းသံဃာ ၂၈ ပါးတို့သေဆုံးခဲ့ရသည်။ထို့ပြင် စာသင်ကျောင်း ၁၂၄ ကျောင်း၊ ဆေးရုံ ငါးရုံ၊ ရုံးဌာနအဆောက်အအုံ ၁၉၀၊ ဘုန်းကြီးကျောင်း ၂၀နှင့် လူနေအဆောက်အအုံ ၂၆၄ လုံးတို့ ဖျက်ဆီးခံခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို လက်ရဲဇက်ရဲဖြင့် ဥပဒေမဲ့၊ စည်းမဲ့ကမ်းမဲ့ အတင့်ရဲစွာလုပ်ဆောင်လာပြီး ဒေသခံပြည်သူများအပေါ် အကြောက်တရားဖြင့် ဖိနှိပ်မှုများပြုလုပ်လာခဲ့ကာ မတ် ၃၀ ရက်တွင် ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာ၌ အပြစ်မဲ့ပြည်သူ ကိုးဦးကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်၍ လူနေအိမ် ၆၂ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး အောင်ပွဲခံမှုများပြုလုပ်ခဲ့သည်။ ၎င်းအကြမ်းဖက်သမားများအနေဖြင့် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် ၎င်းတို့၏အကြမ်းဖက်ဌာနချုပ် NUG ရုံးအဖြစ်တည်ဆောက်၍ ဧပြီ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန်ရှိကြောင်း အကြမ်းဖက်မှုကို ရွံမုန်းနေသည့်ဒေသခံပြည်သူတချို့က အချိန်နှင့်နေရာကိုတိကျစွာသတင်းပေးပို့လာခဲ့သည်။

သတင်းပေးပို့ချက်အရ ကျေးရွာနှင့် အကွာအဝေးကိုတွက်ချက်ကာ အပြစ်မဲ့ပြည်သူများမထိခိုက်စေရေး တပ်မတော်အနေဖြင့် လေကြောင်းမှအကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းမှုများ ဆောင်ရွက်ခဲ့ရာ PDF ခေါင်းဆောင် သန့်ဇင်နှင့်အကြမ်းဖက်အဖွဲ့ဝင်များသေဆုံးခဲ့ကြောင်း သိရသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ၎င်းတို့အဆောက်အအုံ ဖွင့်ပွဲအခမ်းအနား၌ ခင်းကျင်းပြသထားသည့်အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် အသုံးပြုမည့် လက်နက်၊ခဲယမ်းများ ထပ်မံပေါက်ကွဲမှုကြောင့် ပြင်းထန်စွာပေါက်ကွဲမှုကြီးများဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများ ပိုမိုများပြားခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ထိတွေ့တိုက်ပွဲဖြစ်ချိန်တွင် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများကို လူသားတံတိုင်းသဖွယ် အကာအကွယ်ရယူခြင်း၊ ဓားစာခံအဖြစ်အသုံးချခြင်းများပြုလုပ်လေ့ရှိပြီး ၎င်းတို့၏ လုပ်ရှားမှုများတွင်လည်း ကျေးရွာမိသားစုများကိုအတင်းအဓမ္မပူးပေါင်းပါဝင်ဆောင်ရွက်မှုများပြုလုပ်လေ့ရှိကာ ရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင်လုပ်ဆောင်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်နယ်မြေတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် လိုအပ်သည့် သောင်းကျန်းသူချေမှုန်းရေးစစ်ဆင်ရေးများကို ဂျီနီဗာကွန်ဗင်းရှင်း(၄)ရပ်ကိုအခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ(Law of Armed Conflict) ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း (Rules of Engagement-ROE)အတိုင်း ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တရုတ်နိုင်ငံ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်းတွင် သဲမုန်တိုင်းတိုက်ခတ်နိုင်



**ပေကျင်း ဧပြီ ၁၁**

မွန်ဂိုလီးယားနိုင်ငံဘက်မှ ဝင်ရောက်လာသော လေပြင်းတိုက်ခတ်မှုများကြောင့် တရုတ်နိုင်ငံ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် သဲမုန်တိုင်းတိုက်ခတ်နိုင်ကြောင်း အပြာရောင်သတိပေးချက်ကို တရုတ်နိုင်ငံ အမျိုးသားစောင့်ကြည့်ရေးဌာနက ဧပြီ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ပြည်နယ်အများအပြားကို ဧပြီ ၁၂ ရက်တွင် သဲမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း အပြာရောင်သတိပေးချက် ထုတ်ပြန်ထားပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာအန္တရာယ်များနှင့် ခရီးသွားလာသူများအတွက် မြင်ကွင်းကန့်သတ်ချက်များဖြစ်ပွားနိုင်သဖြင့် သတိပြုသွားလာကြရန် အစိုးရတာဝန်ရှိသူများက အကြံပြုချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ပေကျင်းမြို့၌ မီးခိုးမြူများ အုံ့ဆိုင်းလျက်ရှိပြီး မြို့၏လေထုအညွှန်းကိန်းမှာလည်း ဆိုးရွားလျက်ရှိကြောင်း ပေကျင်းမြူနီစီပယ်ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေးစင်တာ၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားကြောင်း သိရသည်။

လက်ရှိ ပေကျင်းမြို့ထဲတွင် အမှုန်အမွှားပါဝင်မှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ်ထုတ်ပြန်သော ညွှန်းကိန်းထက် ၄၆ ဒသမ ၂ ဆ များပြားနေကြောင်း IQAir လေထုအရည်အသွေးစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းနှင့် အိမ်နီးချင်း မွန်ဂိုလီးယားနိုင်ငံ သဲကန္တာရများတွင် အပူချိန်မြင့်တက်မှုများကြောင့် သဲမုန်တိုင်းတိုက်ခတ်မှုသည် ၁၉၆၀ ပြည့်နှစ်ကထက် လေးဆခန့် ပိုမိုများပြားလာကြောင်း တရုတ်နိုင်ငံ ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

AZH

# လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အော့ကလန်မြို့တွင် အဆောက်အအုံတချို့ ပျက်စီး

**ဝယ်လင်တန် ဧပြီ ၁၁**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ဧပြီ ၉ ရက် ညက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များအပါအဝင် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း အော့ကလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ဧပြီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လာမည့် ၂၄ နာရီအတွင်း မိုးသက်လေပြင်းကျရောက်ကာ မိုးသီးမုန်တိုင်းကျရောက်လာဖွယ်ရှိနေကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီးနောက် ဧပြီ ၁၀ ရက် နံနက်အစောပိုင်းမှစတင်၍ မိုးရွာသွန်းနေပြီဖြစ်သလို မိုးသက်လေပြင်းအသွင်သို့ ကူးပြောင်းသွားဖွယ်ရှိနေပြီး အော့ကလန်မြို့အနောက်ဘက်ပိုင်းဧရိယာများမှာ မိုးသက်လေပြင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ထို့ပြင် နယူးဇီလန်နိုင်ငံ တောင်ကျွန်းနှင့် ဝေကာတိုဒေသမှ ဘူလ်လာဒေသတစ်လျှောက်လည်း မိုးသက်လေပြင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း နယူးဇီလန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အော့ကလန်မြို့အနောက်ဘက်ပိုင်းဧရိယာတွေနဲ့ တောင်ကျွန်းဘက်ပိုင်းမှာ လာမဲ့ ၂၄ နာရီအတွင်း မိုးသက်လေပြင်း ကျရောက်နိုင်သလို ဒေသန္တရလေဆင်နှာမောင်းလဲ ဝင်ရောက်လာဖွယ်ရှိနေပါတယ်။ မိုးသက်လေပြင်းအပြင် မိုးသီးမုန်တိုင်းလဲ ကျရောက်လာနိုင်တယ်။ မိုးသက်လေပြင်းကျရောက်လာရင်တော့ ရေဘေးအန္တရာယ်လဲ ဖြစ်ပေါ်လာနိုင်တယ်။ လက်ရှိလေတိုက်နှုန်းတွေ မြင့်တက်နေပြီး လေတိုက်နှုန်းဟာ တစ်နာရီ ကီလိုမီတာ ၈၀ ကနေ ၁၀၀ ကီလိုမီတာထိ မြင့်တက်သွားနိုင်ပါတယ်"ဟု နယူးဇီလန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အော့ကလန်မြို့အနောက်ဘက်ပိုင်းဧရိယာများနှင့် တောင်ကျွန်းတွင် မိုးသက်လေပြင်းကျရောက်လာဖွယ်ရှိနေသည့်အတွက် နယူးဇီလန်အာဏာပိုင်အဖွဲ့အစည်းက ရေကြီးရေလျှံမှုအန္တရာယ် သတိပေးချက်လည်း ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# တရုတ်နိုင်ငံတွင် မြေငလျင်အန္တရာယ်စောင့်ကြည့်ရေးအတွက် ဂြိုဟ်တုတစ်စင်းလွှတ်တင်မည်

**ပေကျင်း ဧပြီ ၁၁**

တရုတ်နိုင်ငံတွင် မြေငလျင်အန္တရာယ်နှင့်ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေးအတွက် တရုတ်အာဏာပိုင်အဖွဲ့အစည်းက မြေငလျင်အန္တရာယ်စောင့်ကြည့်ရေးအတွက် ဂြိုဟ်တုတစ်စင်းလွှတ်တင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု CGTN သတင်းဌာနက ဧပြီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်အန္တရာယ်သည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပြီး မြေငလျင်လှုပ်ခတ်ချိန်တွင် ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် မြေငလျင်လှုပ်ခတ်သည့် ဧရိယာများတွင် မြေငလျင်အန္တရာယ်သတိပေးချက်များကို အချိန်မီထုတ်ပြန်နိုင်ရေးအတွက် Zhangheng 1-02 အမည်ရှိ ဂြိုဟ်တုတစ်စင်းကို လွှတ်တင်သွားမည်ဖြစ်ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မြေငလျင်အန္တရာယ်စောင့်ကြည့်ရေးနှင့်ပတ်သက်ပြီး ၂၀၁၈ ခုနှစ်ကလည်း ဂြိုဟ်တုတစ်စင်းလွှတ်တင်ထားပြီး Zhangheng ကပင် ဒီဇိုင်းရေးဆွဲခဲ့သလို မြေငလျင်ပြင်းအား ၇ မဂ္ဂနီကျူနှင့် ပြင်းအား ၆ မဂ္ဂနီကျူရှိသည့် မြေငလျင်များနှင့်ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ သတိပေးချက် ထုတ်ပြန်နိုင်အောင် တီထွင်ဖန်တီးထားသည်။

အဆိုပါဂြိုဟ်တုသည် တရုတ်နိုင်ငံအပါအဝင် အခြားနိုင်ငံများ၌ မြေငလျင် လှုပ်ခတ်လာဖွယ်ရှိနေသည့် အခြေအနေများကိုလည်း စောင့်ကြည့်တိုင်းတာပေးလျက်ရှိသည်။ သို့သော်လည်း အဆိုပါဂြိုဟ်တုမှာ မြေငလျင်အန္တရာယ်စောင့်ကြည့်တိုင်းတာရာတွင် အကန့်အသတ်ဖြင့် လုပ်ဆောင်နေပြီး ပြင်းအား ၇ မဂ္ဂနီကျူရှိသည့် မြေငလျင် အကြိမ် ၆၀ နှင့် ပြင်းအား ၆ မဂ္ဂနီကျူရှိသည့် မြေငလျင် အကြိမ်ရေ ၆၀၀ ထိသာ စောင့်ကြည့်တိုင်းတာပေးနိုင်သည်။

ယခုတစ်ကြိမ် လွှတ်တင်သွားမည့် ဂြိုဟ်တုသည် မြေငလျင်စောင့်ကြည့်တိုင်းတာရာတွင် ပြင်းအား အကန့်အသတ်မရှိသလို အကြိမ်ရေ အကန့်အသတ်မရှိကြောင်း China Seismo-Electromagnetic Satellite (CSES) က ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**



# အိုင်ဗရီကို့စ်နိုင်ငံ Tchologo ဒေသရှိ သစ်တောပြုန်းတီးဧရိယာ ၁၂ ခုတွင် သစ်တောစီမံခန့်ခွဲရန် ယူရိုသုံးသန်းခွင့်ပြု

**ရာမော့ဆူစရိုး ဧပြီ ၁၁**

အိုင်ဗရီကို့စ်နိုင်ငံ Tchologo ဒေသမြောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုဖြစ်ပွားလျက်ရှိသော ဧရိယာ ၁၂ ခုတွင် သစ်တောစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယူရိုသုံးသန်းကို အိုင်ဗရီကို့စ်အစိုးရက ဧပြီ ၁၀ ရက်က ခွင့်ပြုပေးခဲ့ကြောင်း Afrik 21 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အိုင်ဗရီကို့စ်နိုင်ငံသည် မကြာသေးမီကာလက နိုင်ငံဒေသအများအပြားတွင် တစ်နှစ်လျှင် သစ်တောမြေဧကတစ်သိန်း ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးနောက် Tchologo ဒေသမြောက်ပိုင်းရှိ သစ်တောပြုန်းတီးမှု ဖြစ်ပွားလျက်ရှိသော ဧရိယာ ၁၂ ခုတွင် သစ်တောစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယူရိုသုံးသန်းကို အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သစ်တောထိန်းသိမ်းရေးအစီအစဉ်တွင် အမျိုးအစားခွဲခြားထားသော သစ်တောများကို ခြံစည်းရိုးဆောက်လုပ်ခြင်း၊ ဒေသတွင်းနေထိုင်သူများ၏ တောခုတ်ခြင်း၊ တောမီးရှို့ခြင်းအန္တရာယ်များမှကာကွယ်ခြင်းနှင့် အမဲလိုက်ခြင်းတို့ကဲ့သို့ ဂေဟစနစ်ကို ထိခိုက်စေသောလုပ်ငန်းများကို စောင့်ကြည့်ကင်းလှည့်ခြင်းလုပ်ငန်းများ၊ မြေယာ အသုံးချမှုအစီအစဉ်ရေးဆွဲခြင်းနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်လာစေရေး၊ ဂြိုဟ်တုများမှ စုဆောင်းရရှိသော သတင်းများကို အကောင်းဆုံးအသုံးပြုခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားထားသည်။

အဆိုပါလုပ်ငန်းစဉ်သည် အိုင်ဗရီကို့စ်နိုင်ငံအတွက် ကုန်းနေဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကုလသမဂ္ဂ၏ 15 Substainable Development Goal (SDG 15) အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။AZH

# မွန်ဂိုလီးယားနိုင်ငံ တောမီးလောင်ကျွမ်းမှု တရုတ်နယ်စပ်ထိ ကူးစက်မှုဖြစ်ပွား

**အူလန်ဘာတော ဧပြီ ၁၁**

မွန်ဂိုလီးယားနိုင်ငံ ဆီနီနယ်မြေတွင် ဧပြီ ၁၀ ရက်က တောမီးလောင်ကျွမ်းမှုသည် တရုတ်နိုင်ငံနယ်စပ်ထိ ကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားနေကြောင်း မွန်ဂိုလီးယား သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် မြက်ခင်းပြင်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည့်အတွက် တောမီးကူးစက်မှုနှုန်းမြန်ဆန်နေပြီး မွန်ဂိုလီးယားနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံနယ်စပ်ထိ အချိန်တိုအတွင်း ကူးစက်လောင်ကျွမ်းလျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မွန်ဂိုလီးယား အာဏာပိုင်အဖွဲ့အစည်းက မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ကျော်နှင့် မီးသတ်ယာဉ် ၈၂ စီးထိ အသုံးပြုကာ တောမီးအမြန်ဆုံး ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုဟာ မြင်ခင်းပြင်ကနေ စတင်ခဲ့တာဖြစ်တဲ့အတွက် တစ်နေရာကနေ တစ်နေရာ ကူးစက်လောင်ကျွမ်းတာ တော်တော်လေးကို မြန်ဆန်နေပါတယ်။ တရုတ်နိုင်ငံ ဂန်ဆူပြည်နယ်နဲ့ ရှင်ကျန်းပြည်နယ်ကိုလဲ တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီး အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်ထိ စေလွှတ်ပေးထားသလို မီးသတ်ယာဉ်အမြောက်အမြားလဲ စေလွှတ်ထားပါတယ်။ တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်"ဟု မွန်ဂိုလီးယား သစ်တောရေးရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်အာဏာပိုင်အဖွဲ့အစည်းကလည်း တောမီးလောင်ကျွမ်းမှုကို ဂြိုဟ်တုမှတစ်ဆင့် ကင်းထောက်နေပြီး ကောင်းကင်ဓာတ်ပုံများမှတ်တမ်းရိုက်ယူကာ တောမီးလောင်ကျွမ်းမှု အခြေအနေကို နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မွန်ဂိုလီးယားနိုင်ငံမှတစ်ဆင့် ကူးစက်လောင်ကျွမ်းနေသည့်တောမီးသည် တရုတ်နိုင်ငံ ဂန်ဆူပြည်နယ်နှင့် ရှင်ကျန်းပြည်နယ်တို့သို့ ကူးစက်လောင်ကျွမ်းနေခြင်းဖြစ်ပြီး နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိစေရေး တရုတ်မီးသတ်တပ်ဖွဲ့ဝင်များက တောမီးထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ခိုင်းဆက်**

# တရားမမှုတွင် ထိခိုက်နစ်နာသူက မည်သည့်အဆင့်တွင်မဆို လျှောက်လဲတင်ပြခွင့်ရှိ

**စိန်လှိုင်ပိုလ်**



တရားမကြီးအမှုတစ်ခုတွင် မူလတရားရုံးက ထုတ်နုတ်ထားသောငြင်းချက်များနှင့် စပ်လျဉ်း၍ သက်သေခံချက်များရယူပြီးနောက် ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်းသောငြင်းချက်တစ်ခုတည်းကိုသာ ဖြေဆို၍ အမှုကိုပလပ်ခဲ့သည်။ ပထမအယူခံတရားရုံးက ကာလစည်းကမ်းသတ်မကျော်ဟုဆုံးဖြတ်ပြီး ထုတ်နုတ်ထားသော ကျန်ငြင်းချက်များကိုသာ ဖြေဆို၍ မူလရုံး၏အမိန့်ကိုပယ်ဖျက်ကာ တရားလိုတောင်းဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့သည်။ ထိုသို့ဆုံးဖြတ်ရာတွင် ထိခိုက်နစ်နာမည့်အမှုသည်ကို ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့ပါလျှင် **တရားမကျင့်ထုံးဥပဒေ အမိန့်-၄၁၊ နည်းဥပဒေ-၂** ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်သည်ဟု ဆိုနိုင်သလား၊ မဆိုနိုင်သလားဟူသောဥပဒေပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ဖူးသည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးအမှုအမှတ်-၂၇၀/၉၂ တွင် ဦးအယ်ဂျီဘာတာနစ်နှင့် ဇနီး ဒေါ်အုန်းစီတို့က ဦးအောင်ဖေအပေါ် အခမဲ့ခွင့်ပြုချက်ဖြင့် အိမ်ဆောက်လုပ်နေထိုင်ခွင့်ပြုထားသောမြေမှ ဖယ်ရှားထွက်ခွာပေးစေလိုမှုစွဲဆိုသည်။ နှစ်ဖက်သက်သေခံချက်များ ရယူစစ်ဆေးပြီးနောက် တရားလိုစွဲဆိုမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟုဆိုကာ အမှုကိုပလပ်ခဲ့သည်။

တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ဦးအယ်ဂျီဘာတာနစ်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့သည်။ တရားရုံးချုပ်က အမှုမှာ ကာလစည်းကမ်းသတ်မကျော်သေးကြောင်းဆုံးဖြတ်သည့်အပြင် ဦးအောင်ဖေသည် အိမ်ဆောက်လုပ်နေထိုင်သူမှန်ကြောင်း သုံးသပ်၍ ဒေါ်အုန်းစီစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ဦးလှဦးတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် (အထူးခုံရုံး)က-

"မူလရုံးက ငြင်းချက်အားလုံးနှင့်စပ်လျဉ်း၍ သက်သေခံချက်များရယူပြီးနောက် ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသော ငြင်းချက်တစ်ခုတည်းကိုသာ ဖြေဆို၍ အမှုပလပ်ခဲ့သည်။ ပထမအယူခံတရားရုံးချုပ်က ကာလစည်းကမ်းသတ်မကျော်ဟု ဆုံးဖြတ်ပြီး ကျန်ငြင်းချက်များကိုပါ ဖြေဆို၍ တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ထိုကဲ့သို့ ဆုံးဖြတ်ခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာရောက်၊ မရောက်ဟူသောပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဦးအယ်ဂျီဘာတာနစ်နှင့် ဇနီး ဒေါ်အုန်းစီတို့က ၎င်းတို့ပိုင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် (၈)မိုင် အမှတ်(၁၂၃)မြေတွင် ဒေါ်အုန်းစီ၏အစ်မတော်သူ ဒေါ်အုန်းတင်၏ခင်ပွန်း ဦးအောင်ဖေမိသားစုကို အခမဲ့ခွင့်ပြုချက်ဖြင့် နေအိမ်ဆောက်လုပ်ခွင့်ပြုခဲ့ကြောင်း အဆိုပြု၍ ခွင့်ပြုချက်ဖြင့် ထားသောမြေမှ ဖယ်ရှားထွက်ခွာပေးစေလိုမှုစွဲဆိုသည်။ အဆိုအချေများအရ တိုင်းတရားရုံးက အောက်ပါငြင်းချက်များ ထုတ်နုတ်ခဲ့သည်။

(၁) ဤအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီးဆိုသည်မှာ မှန်သလား။

(၂) တရားလိုသည် အမှုတန်ဖိုးလျော့နည်းစွာ သတ်မှတ်၍ ရုံးခွန်လျော့နည်းစွာထမ်းဆောင်ထားသည်ဆိုသည်မှာ မှန်သလား။

(၃) တရားလိုသည် တရားပြိုင်အား အချင်းဖြစ်မြေပေါ်တွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည်မှာ မှန်သလား။

(၄) အချင်းဖြစ်မြေပေါ်တွင် အခမဲ့နေထိုင်ခွင့်ကို တရားလိုက ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါသလား။

(၅) တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။

တိုင်းတရားရုံးက တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟုဆိုကာ အမှုကို ပလပ်ခြင်းမှာ ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခြင်းဖြစ်သည်။ ဤကဲ့သို့ တိုင်းတရားရုံးက ပဏာမအချက်အရ အမှုကိုဆုံးဖြတ်ခဲ့ပြီး တရားရုံးချုပ်က အယူခံမှုတွင် ထိုအချက်ကို ပယ်ဖျက်လိုက်ပါက အမှုတွင် ကျန်ငြင်းချက်များကို ဖြေဆိုဆုံးဖြတ်ရန်ညွှန်ပြပြီး အမှုကို ပြန်လည်စစ်ဆေးစီရင်ရန် တိုင်းတရားရုံးကို တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၃ အရ ညွှန်ကြားနိုင်သည်။ သို့မဟုတ်ပါက မူလရုံးအမှုတွဲတွင် စီရင်ချက်ချမှတ်နိုင်အောင် လုံလောက်သည့် သက်သေခံချက်များမရှိပါက အယူခံရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ အရ အပြီးသတ်ဆုံးဖြတ်နိုင်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ခဲ့ပါသည်။

တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ တွင်-

"အမှုတွဲရှိ သက်သေခံချက်မှာ အယူခံရုံးက စီရင်ချက်ချမှတ်ပေးနိုင်လောက်အောင် လုံလောက်လျှင် အယူခံဝင်သည့် ဒီကရီကိုချမှတ်သောတရားရုံး၏စီရင်ချက်သည် အယူခံရုံးက အခြေပြုသည့်အကြောင်းအချက်များမဟုတ်သော အခြားအကြောင်းအချက်များအပေါ် လုံးဝအခြေပြုခဲ့စေကာမူ အယူခံရုံးသည် လိုအပ်ပါက ငြင်းချက်များကို ထပ်မံထုတ်နုတ်၍ အမှုကို အပြီးသတ်အဆုံးအဖြတ်ပြုနိုင်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

တိုင်းတရားရုံးက နှစ်ဖက်သက်သေခံချက်များ ရယူထားသဖြင့် အယူခံရုံးဖြစ်သော တရားရုံးချုပ်က စီရင်ချက်ချမှတ်ပေးနိုင်လောက်အောင် သက်သေခံချက်များ လုံလောက်နေပြီဖြစ်၍ တရားရုံးချုပ်က တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ အရ အပြီးသတ်အဆုံးအဖြတ်ပြုနိုင်မည်ဖြစ်ကြောင်း အထူးအယူခံရုံးက စိစစ်သုံးသပ်ခဲ့သည်။

**သို့ရာတွင် အယူခံရုံးသည် နှစ်ဖက်အမှုသည်များကို လျှောက်လဲတင်ပြခွင့်မပေးဘဲ အချက်အလက်တစ်ရပ်ကိုဖော်ထုတ်၍အမှုကို ဆုံးဖြတ်လျှင်မူ တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ အရလုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် နည်းလမ်းတကျကျင့်သုံးရာမရောက်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။**

တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂ တွင်-

"အယူခံရုံးသည် အယူခံမှုကို အဆုံးအဖြတ်ပြုရာတွင် အယူခံလွှာ၌ ဖော်ပြထားသည့် ကန့်ကွက်အကြောင်းပြချက်များကို သို့မဟုတ် ဤနည်းဥပဒေအရ တရားရုံး၏ခွင့်ပြုချက်ဖြင့် တင်ပြသောအကြောင်းပြချက်များကိုသာ အစွဲပြု၍ ဆုံးဖြတ်ရန်မဟုတ်။ သို့သော် **အခြားအကြောင်းအချက်များအရ ထိခိုက်နစ်နာမည့်အမှုသည် သည် ထိုအကြောင်းပြချက်နှင့် စပ်လျဉ်း၍ အမှုကို ပြိုင်ဆိုင်ရန် လုံလောက်သည့် အခွင့်အလမ်းမရရှိလျှင် တရားရုံးသည် ထိုအကြောင်းပြချက်ကို အခြေခံ၍ အမှုကို အဆုံးအဖြတ်မပြုရ**"ဟု ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် အယူခံတရားလိုက အယူခံလွှာတွင် ကာလစည်းကမ်းသတ်နှင့်သက်ဆိုင်သည့်အချက်များကိုသာ အယူခံအကြောင်းပြခဲ့ရာ အယူခံတရားပြိုင်တို့ကလည်း ထိုအချက်အပေါ်တွင်သာ ချေပခဲ့ကြသည်။ အယူခံအကြောင်းချက်များတွင် တင်ပြထားခြင်းမရှိသည့်ပြဿနာများကိုကြားနာရန် အယူခံရုံးတွင် တာဝန်မရှိသော်လည်း ထိုပြဿနာများနှင့်စပ်လျဉ်း၍ နှစ်ဖက်အမှုသည်များအနေဖြင့် သက်သေထူခွင့်အပြည့်အဝရရှိခဲ့ပါက တရားမျှတမှု

> ❖ အယူခံတရားလိုက အယူခံလွှာတွင် ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သည့်အချက်များကိုသာ အယူခံအကြောင်းပြခဲ့ရာ အယူခံတရားပြိုင်တို့ကလည်း ထိုအချက်အပေါ်တွင်သာ ချေပခဲ့ကြသည်။ အယူခံအကြောင်းချက်များတွင် တင်ပြထားခြင်းမရှိသည့်ပြဿနာများကို ကြားနာရန် အယူခံရုံးတွင် တာဝန်မရှိသော်လည်း ထိုပြဿနာများနှင့် စပ်လျဉ်း၍ နှစ်ဖက်အမှုသည်များအနေဖြင့် သက်သေထူခွင့်အပြည့်အဝ ရရှိခဲ့ပါက တရားမျှတမှုနှင့် အမှုသွားများမှုကို ပိတ်ပင်စေရန်အလို့ငှာ အယူခံရုံးက ကြားနာခဲ့ပါမူ မှားသည်ဟု ဆိုင်နိုင်မည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။ ❖

နှင့် အမှုသွားများမှုကို ပိတ်ပင်စေရန်အလို့ငှာ အယူခံရုံးက ကြားနာခဲ့ပါမူ မှားသည်ဟု ဆိုင်နိုင်မည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

**တရားရုံးချုပ်က ကာလစည်းကမ်းနှင့်သက်ဆိုင်သည့် ငြင်းချက်အပြင် အခြားငြင်းချက်များနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခဲ့သော်လည်း အယူခံမှုတွင် ထိုပြဿနာများနှင့်စပ်လျဉ်း၍ နှစ်ဖက်အမှုသည်များကို ကြားနာခွင့်ပေးခဲ့ကြောင်း အထောက်အထားမတွေ့ရှိရသည်ကို** အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

မူလအမှုတွဲရှိ သက်သေခံအထောက်အထားများမှာ တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ အရ **အယူခံရုံးက စီရင်ချက်ချမှတ်နိုင်လောက်အောင် လုံလောက်စေကာမူ အယူခံရုံးက ချမှတ်သည့် အခြားအကြောင်းပြချက်အရ ထိခိုက်နစ်နာစေမည့်အမှုသည်ကို ထိုအကြောင်းပြချက်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရာမရောက်၍ အယူခံရုံး၏ အဆုံးအဖြတ်သည် ဥပဒေနှင့်ညီသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း** အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ဖော်ထုတ်ခဲ့သည်။

ထို့ကြောင့် ကြားနာလျက်ရှိသောပြဿနာနှင့် စပ်လျဉ်း၍-

"တရားရုံးချုပ်က မူလရုံးမှ ဖြေဆိုခြင်းမပြုသော ငြင်းချက်များကို ဖြေဆိုဆုံးဖြတ်ရာ၌ နှစ်ဖက်အမှုသည်များကို လျှောက်လဲတင်ပြခွင့်မပြုခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျကျင့်သုံးရာမရောက်ကြောင်း" ဥပဒေပြဿနာကို အထူးအယူခံခုံရုံးက ဖြေဆိုလိုက်သည်။

တစ်ဆက်တည်းမှာပင် ဤအထူးအယူခံမှုတွင် ကြားနာရန် ထုတ်နုတ်ထားသည့်ပြဿနာမှာ မူလရုံးက ဆုံးဖြတ်ခြင်းမပြုသေးသည့် ငြင်းချက်များကို တရားရုံးချုပ်က ဖြေဆိုဆုံးဖြတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်း-၂၄ ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျကျင့်သုံးရာမရောက်ဖြစ်သည်။ "**ကာလစည်းကမ်းသတ်ပြဿနာကို အထူးအယူခံခုံရုံးက ထုတ်နုတ်ထားခြင်းမရှိသဖြင့် ၎င်းအချက်အပေါ် ဤအထူးအယူခံခုံရုံးက သုံးသပ်ဆုံးဖြတ်ရန်လိုမည်မဟုတ်ကြောင်း**"စိစစ်သုံးသပ်ခဲ့သည်။

ဤအထူးအယူခံမှုကိုခွင့်ပြုပြီး ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်မှတစ်ပါး တရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ ကျန်ငြင်းချက်များအပေါ် နှစ်ဖက်အမှုသည်များအား လျှောက်လဲတင်ပြခွင့်ပြုပြီး အယူခံမှုကို ပြန်လည်ကြားနာစေရန် တရားရုံးချုပ်အား ညွှန်ကြားလိုက်သည်။

တရားမဥပဒေသည် လွန်စွာမှပင် နက်နဲသိမ်မွေ့လှသည့်အပြင် ကျယ်ဝန်းနက်ရှိုင်းလှသည်။ ဥပဒေပညာကို လိုက်စားသူများပင်လျှင် အလုံးစုံနားလည်သိရှိနိုင်ရန် ခဲယဉ်းလှသည်။ ဤစီရင်ထုံးသည် တရားရုံး တရားခွင်တွင် ကျင်လည်နေကြသူအားလုံးအတွက် အသိဉာဏ်ပညာအလင်းရောင်ပေးလိုက်ခြင်းဖြစ်ကြောင်း **ဦးလှဦးပါ-၃(ကွယ်လွန်သူဦးအောင်ဖေ၏တရားဝင်ကိုယ်စားလှယ်)များနှင့် ဒေါ်အုန်းစီ ၁၉၉၇ ခုနှစ် တရားမအထူးအယူခံမှုအမှတ်-၄၁** ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်သုံးဆီတင်သင်္ဘော ၃၁၁ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတန်ချိန် ၄ ဒသမ ၇၆ သန်း တင်သွင်းခဲ့



**ရန်ကုန် မေ ၁၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်သုံးဆီတင် သင်္ဘော ၃၁၁ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတန်ချိန် ၄ ဒသမ ၇၆ သန်း တင်သွင်းခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ သတင်းများအရ သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဏ္ဍသည် မြန်မာ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသည့်ကဏ္ဍတွင် ရှိနေသဖြင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများကို တိုးချဲ့ဆောက်လုပ်ခဲ့ရာ လက်ရှိ ရန်ကုန်ဆိပ်ကမ်း ဧရိယာတွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတား ၂၇ စင်းနှင့် သီလဝါဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း ၁၉ စင်း စုစုပေါင်း အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတံတား ၄၆ စင်းထိရှိနေပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘောကြီးများ၊ အထွေထွေကုန်စည်တင်သင်္ဘောကြီးများ၊ စားသုံးဆီတင်သင်္ဘောကြီးများနှင့် စက်သုံးဆီတင်သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်သုံးဆီတင်သင်္ဘော ၃၁၁ စီးထိ ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတန်ချိန် ၄ ဒသမ ၇၆ သန်းတင်သွင်းခဲ့သည်။

ထိုသို့တင်သွင်းရာ ၂၀၂၂ ခုနှစ် ဧပြီလတွင် စက်သုံးဆီတင်သင်္ဘော ၁၃ စီးမှစက်သုံးဆီ တန်ချိန် သုည ဒသမ ၁၆၉ သန်း၊ မေလတွင် စက်သုံးဆီတင်သင်္ဘော ၂၃ စီးမှစက်သုံးဆီတန်ချိန် သုည ဒသမ ၃၁၉ သန်း၊ ဇွန်လတွင် စက်သုံးဆီတင်သင်္ဘော ၂၂ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၅၂ သန်း၊ ဇူလိုင်လတွင် စက်သုံးဆီတင်သင်္ဘော ၂၀ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၀၄ သန်း၊ ဩဂုတ်လတွင် စက်သုံးဆီတင်သင်္ဘော ၂၄ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၈၅ သန်း၊ စက်တင်ဘာလတွင် စက်သုံးဆီတင်သင်္ဘော ၂၅ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၄၁၅ သန်း၊ အောက်တိုဘာလတွင် စက်သုံးဆီတင်သင်္ဘော ၂၆ စီးမှစက်သုံးဆီတန်ချိန် သုည ဒသမ ၄၀၂ သန်း၊ နိုဝင်ဘာလတွင်စက်သုံးဆီတင်သင်္ဘော ၂၅ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၃၇၄ သန်း၊ ဒီဇင်ဘာလတွင် စက်သုံးဆီတင်သင်္ဘော ၃၀ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၄၉ သန်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စက်သုံးဆီတင်သင်္ဘော ၃၇ စီးမှစက်သုံးဆီတန်ချိန် သုည ဒသမ ၅၇၅ သန်း၊ ဖေဖော်ဝါရီလတွင် စက်သုံးဆီတင်သင်္ဘော ၃၂ စီးမှ စက်သုံးဆီ တန်ချိန် သုည ဒသမ ၅၃၅ သန်း၊ မတ်လတွင်စက်သုံးဆီတင်သင်္ဘော ၃၂ စီးမှ စက်သုံးဆီတန်ချိန် သုည ဒသမ ၄၄ သန်း စုစုပေါင်း စက်သုံးဆီတင်သင်္ဘော ၃၁၁ စီး ဝင်ရောက်ပြီး စက်သုံးဆီတန်ချိန် ၄ ဒသမ ၇၆ သန်း တင်သွင်းခဲ့ကြောင်း သိရသည်။ (၃၃၆)

# ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်ပန်းတောင်း မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အင်တောကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုလတ်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အင်တောကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်တောကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၀၇ သိန်းထုတ်ချေးပေးထားကြောင်း ကျောက်ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုမြည်**

# မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၃၁၈ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၂၃၁၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ နွေနှမ်း ၆၄၂၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၁၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဒီနှစ် နွေနှမ်း ဧက ခြောက်ထောင်ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နွေနှမ်းဧက နှစ်ထောင်ကျော်စိုက်ပျိုးပြီးနေပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေကြပါတယ်။ နွေနှမ်းဧကလျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ။ နှမ်းစိုက်ပျိုးမှုတိုးတက်လာဖို့ ဆောင်ရွက်နေတယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။



မုံရွာခရိုင်တွင် ယခုနှစ် နွေနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၂၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၈၉၆ ဧက စုစုပေါင်း ၂၃၁၈ ဧကတို့ ဖြစ်ကြောင်း၊ လျာထားစိုက်ပျိုးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၆၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၀ ဧက၊ အရာတော်မြို့နယ်တွင် ၂၈၈၄ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၃၀၇၀ စုစုပေါင်း ၆၄၂၇ ဧက တို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီကလည်း ဆောင်းနှမ်း ၆၆၉၉၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆောင်းနှမ်း ၆၆၅၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ RBF လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သာစည် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများက ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ဖြင့် နွားနှင့်ဆိတ် မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက RBF လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိ၊ မရှိ မေးမြန်းကာ လုပ်ငန်းများနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထုတ်ချေးပေးထားကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် နွားကောင်ရေ ၃၀၊ ဆိတ်ကောင်ရေ ၁၅၀ မွေးမြူထားပြီးဖြစ်ရာ လက်ရှိတွင် ဆိတ်ကောင်ရေ ၄၀ ကျော် တိုးပွားလျက်ရှိကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းကပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**



# ကလောမြို့နယ် တာယောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေမင်းဖုန်းကျေးရွာအုပ်စု တာယောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၃၇၀ လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တာယောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# အရိပ်သဏ္ဍာန်နဲ့ အတိတ်သင်္ကြန်

**လင်းသွေးအိမ်(ကျိုက်မရော)**

ရပ်ကွက်ထဲမှာ သင်္ကြန်တေးသံတွေကြားနေရသလို လိုင်းပေါ်မှာလဲ သင်္ကြန်တေးသံတွေ၊ သင်္ကြန်အဆိုအကတွေကို မြင်တွေ့နေရပါပြီ။ သင်္ကြန်ဆိုတာ အလွမ်းဓာတ်ခံရှိသူတွေအတွက် အလွမ်းအဆိပ်သင့်စေပါတယ်။ ဘာကိုလွမ်းလို့လွမ်းရမှန်းမသိတဲ့ ဝေဒနာဆိုးကြီးက တပေါင်းလကုန်လို့ တန်ခူးလနားရောက်ပြီဆိုတာနဲ့ အလွမ်းကစလာတယ်။ အသက်တွေကြီးလာခဲ့ပေမဲ့လဲ သင်္ကြန်ဆိုတဲ့အသံကိုကြားရင် ရိုးတွင်းခြင်ဆီထိရောက်အောင် လွမ်းမိပါတယ်။ သင်္ကြန်ရဲ့ဇာတ်ပို့ဇာတ်ရံတွေကလဲ သင်္ကြန်အလွမ်းသမားကို အလွမ်းပိုစေခဲ့တာပါပဲလေ။ ငွေယမ်းတိုက်ခတ်လာတဲ့ နွေလေရူးရယ်၊ ရိုးတံစိမ်းညို့ညို့နဲ့ အစုံအဖူးထွက်ပြူစပြုလာပြီဖြစ်တဲ့ ပိတောက်ပင်ကြီးရယ်၊ တစ်ချက်တစ်ချက် ဆွေးဆွေးမြည်မြည်တွန်ကျူလိုက်တဲ့ ဥဩသံသဲ့သဲ့ရယ်က အလွမ်းသမားကို အလွမ်းပိုစေခဲ့သလို အသက်အရွယ်ရလာပေမဲ့လဲ အတိတ်က သင်္ကြန်ပုံရိပ်တွေက အသစ်တစ်ဖန်ပြန်လည်ထင်ဟပ်လာပါလား သင်္ကြန်ရယ်။

ဒီနေ့ခေတ်လူတွေက သင်္ကြန်ဆိုတာ ရေကစားရေပက် မုန့်လုံးရေပေါ်ကျွေးတာနဲ့ စတုဒိသာအကျွေးအမွေးလောက်သာသိကြတာမို့ သင်္ကြန်ရဲ့ဖြစ်တည်ခြင်းကို တိတိပပသိကြတဲ့လူဆိုတာက ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးပါတယ်။ အရင်းအမြစ်ကို စိတ်ဝင်စားသူနည်းပါးကြတဲ့ခေတ်ကြီးမှာ သင်္ကြန်ဆိုတာ ရေကစားဖို့၊ လည်ပတ်ဖို့၊ ပျော်ဖို့ပါးဖို့လောက် သိကြတဲ့အခါမှာ သင်္ကြန်ရဲ့ပုံရိပ်အမှန်တွေက တဖြည်းဖြည်းနဲ့ တိမ်မြုပ်ပျောက်ကွယ်သွားတော့မလိုလိုဖြစ်နေခဲ့ပါတယ်။

သင်္ကြန်ဖြစ်တည်လာခြင်းနဲ့ သင်္ကြန်ရဲ့ရင်းမြစ်ကို ဒီနေ့ခေတ်လူငယ်တွေသိနိုင်ကြဖို့ လေ့လာဖတ်ရှုရသလောက် ရေးသားဖော်ပြရရင်တော့ သင်္ကြန်ဆိုတာ သင်္ကန္တဆိုတဲ့ ပါဠိပုဒ်ကနေ ဆင်းသက်လာပြီး အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရောက်ရှိခြင်းဖြစ်တယ်။ သင်္ကြန်ဆိုတဲ့ဝေါဟာရနဲ့ စပ်လျဉ်းပြီး ဟိန္ဒူဗြဟ္မဏဝါဒီတို့က ကမ္ဘာဦးကာလမှာ ကဝိလမိုင်း အမည်ရှိတဲ့ ဗေဒင်ပါရဂူကြီးတစ်ဦး ပေါ်ထွန်းခဲ့ဖူးတယ်လို့ဆိုတယ်။ သိကြားမင်းနဲ့ အာသီ အမည်ရဗြဟ္မာမင်းတို့ ဗေဒင်ဆိုင်ရာပြဿနာ တစ်ခုအတွက် အငြင်းပွားကြသည်။

နောက်ဆုံး လူပြည်ရှိ ဗေဒင်ပညာရှင် ကဝိလမိုင်း ဆရာကြီးရဲ့အဆုံးအဖြတ်ကိုခံယူကြပြီး နိုင်သူက ရှုံးသူကို ဦးခေါင်းဖြတ်စတမ်းလို့ သဘောတူကြတယ်။ ကဝိလမိုင်း ဆရာကြီးက သိကြားမင်းရဲ့အယူအဆ မှန်ကန်ကြောင်း အဆုံးအဖြတ်ပေးတယ်။ အနိုင်ရ သိကြားမင်းက ဗြဟ္မာမင်းရဲ့ဦးခေါင်းကိုမဖြတ်လို၊ ဗြဟ္မာမင်းက အဓိဋ္ဌာန်နဲ့ မိမိဦးခေါင်းကို ဖြတ်စေတယ်။ ဗြဟ္မာမင်းရဲ့ဦးခေါင်းပြတ်ကို သမုဒ္ဒရာတွင်း ပစ်ချသော် ရေခန်းခြောက်မယ်။ မြေပြင်တွင်ပစ်ချသော် တစ်လောကလုံး မီးဟုန်းဟုန်းလောင်မယ်လို့ဆိုတယ်။ အဲဒီအခါ သိကြားမင်းက နတ်သမီးခုနစ်ဖော်ကို ဗြဟ္မာကြီးရဲ့ဦးခေါင်းကို အလှည့်ကျပွေ့ချီထားစေတယ်။ နတ်သမီးတစ်ဦးလက်ကနေ တစ်ဦးသို့ ပြောင်းရွှေ့ပေးတဲ့ကာလမှာ လူတို့သက်တမ်းအရေအတွက် တစ်နှစ်ပြည့်မြောက်တဲ့အချိန်နဲ့ညီမျှတယ်။ အဲဒီလိုလွှဲပြောင်းပေးတာကို သက္ကရာဇ်ဦးခေါင်း ပြောင်းတာလို့သတ်မှတ်ပြီး အတာသင်္ကြန်ပွဲတွေ ကျင်းပတာဖြစ်တယ်လို့ ယူဆကြပါတယ်။

အဲဒီလို တနင်္ဂနွေဂြိုဟ်မင်းရာသီပြောင်းခြင်းကို စွဲ၍လည်းကောင်း၊ ဗြဟ္မာမင်းရဲ့ဦးခေါင်းပြောင်းခြင်းကိုစွဲ၍လည်းကောင်း သင်္ကြန်ပွဲတော်ဖြစ်ပေါ်လာရတယ်လို့ ဗြဟ္မဏတို့က ဖွင့်ဆိုကြတယ်။ သင်္ကြန်နဲ့ ပတ်သက်တဲ့ ဟိန္ဒူဗြဟ္မဏတို့ရဲ့အယူအဆဖြစ်ပါတယ်။ မြန်မာတို့ရဲ့ သင်္ကြန်နှစ်သစ်ကူးချိန် ရေပက်ကစားတဲ့ အလေ့အထဟာ ရွှေခေတ်မြတ်စွာဘုရားရှင် လက်ထက် အိန္ဒိယနိုင်ငံက မြစ်ဖျားခံခဲ့တယ်လို့ အဆိုရှိတယ်။ ဒေဝဒဟနဲ့ ကပ္ပိလဝတ်မှာ သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန်ရောက်တိုင်း တစ်ခုသောရေကန်ကြီးအနီး မင်းခမ်းမင်းနားနဲ့ တဲကြီးတွေဆောက်လုပ်ပြီး ရေဖျန်းသဘင်ဆင်မြန်းခဲ့ရာကနေ စတင်ခဲ့တယ်လို့ သာသနာဝင်ကျမ်းတွေမှာ ဖော်ပြထားတယ်။ သာကီဝင်မင်း အဘိရာဇာဟာ မြန်မာပြည်တကောင်းအရပ်ကို ရောက်ရှိလာခဲ့တယ်။ သာကီဝင်တို့ရဲ့အလေ့အထဖြစ်တဲ့ နှစ်သစ်ကူးပြောင်းချိန် ရေကစားခြင်းဟာလဲ တကောင်းမှာ နှစ်စဉ်ပြုလုပ်ခဲ့ပါတယ်။ ထိုမှ ခေတ်အဆက်ဆက် နှစ်သစ်ကူးသင်္ကြန်ဟာ မြန်မာတို့ရဲ့ ရိုးရာဖြစ်လာပါတယ်။

သင်္ကြန်ကို လူမှန်းသိတတ်စကတည်းက ထိတွေ့ခဲ့တာ လူပျိုပေါက်အရွယ်ကနေ အိမ်ထောင်သည်ဘဝ ရောက်တဲ့အထိပါပဲ။ အရင်က သင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့ထုံးတမ်းစဉ်လာနဲ့အညီ ဖော်ကျူးကျင်းပကြတဲ့အပြင် အခြားရာသီပွဲတော်တွေကိုလဲ တစိုက်မတ်မတ်ပြုလုပ်ကျင်းပခဲ့ကြတယ်။ တစ်နိုင်ငံလုံး ရိုးရာသင်္ကြန်ကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကျင်းပခွင့်ပြုတဲ့အချိန်ကစပြီး ရွာအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်အဆင့်ထိ စည်စည်ကားကားကျင်းပခဲ့ကြတယ်။ ယောကျ်ား၊ မိန်းမ၊ ကလေးအရွယ်ပါမကျန် ရိုးရာ သင်္ကြန်ကို တူညီဝတ်စုံတွေနဲ့ ပါဝင်ဆင်နွှဲကြသလို ကျေးရွာရပ်ကွက်အလိုက် မြို့နယ်ဗဟိုမဏ္ဍပ်မှာ ပြိုင်ပွဲပြီး ယှဉ်ပြိုင်ဖျော်ဖြေကြတယ်။

ဒ့ါပြင် လူငယ်ဘဝမှာ ကျွန်တော်တို့စွဲလမ်းနှစ်ခြိုက်ခဲ့တဲ့ အခြားဖျော်ဖြေရေးအစီအစဉ်တွေရှိပါသေးတယ်။ သံချပ်ပြိုင်ပွဲဝင်ကားတွေ၊ အလှပြယာဉ်နဲ့ ယိမ်းအကတွေ၊ မော်တော်ယာဉ်နဲ့ ဖျော်ဖြေကြတဲ့ စတိတ်ရှိုးတွေဟာ ကျွန်တော်တို့ အလွန်နှစ်ခြိုက်စွဲမက်ခဲ့ပါတယ်။ တစ်ညလုံးမအိပ်ဘဲ လိုက်ပြီးကြည့်ကြတယ်။ မြန်မာ့ရိုးရာသင်္ကြန်ပွဲကို တစ်နိုင်ငံလုံးက အကြို၊ အကျ၊ အကြတ်၊ အတက်ရယ်လို့သာ ရေကစားကြပေမဲ့ ကျွန်တော်တို့ မွန်ပြည်နယ်သင်္ကြန်ကတော့ အကြို၊ အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်ရယ်လို့ ငါးရက်တိုင်တိုင်ကျင်းပခဲ့ကြတာကို နှစ်ကာလရှည်ကြာစွာ တွေ့မြင်ခဲ့ရပါတယ်။ အထူးခြားဆုံးနေရာကတော့ မွန်ပြည်နယ် မောင်လမြိုင်မြို့နဲ့ မုဒုံမြို့ကြား မော်လမြိုင် ကျိုက္ခမီကားလမ်းမကြီးနံဘေး ဖားအောက်ကျေးရွာမှာ မြန်မာသက္ကရာဇ် ၁၁၁၁ ခုနှစ်က တည်ထားကိုးကွယ်တော်မူခဲ့ပြီး ဒီနေ့အချိန်ထိ ကြည်ညိုသပ္ပာယ်စွာတည်ရှိတဲ့ ရွှေဟောင်း ရိုးဂိုးဆံတော်ရှင်ဆုတောင်းပြည့်ဘုရားပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ ကျင်းပမြဲဖြစ်ပြီး ထူးဆန်းစွာ အတာရေသဘင်ရေကစားပွဲတော်နဲ့ ယှဉ်တွဲကျင်းပပေးတာမို့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ဟာ ရိုးဂိုးဆံတော်ရှင်ဆုတောင်းပြည့်ဘုရားကို ရေသပ္ပာယ်ခြင်းအထိမ်းအမှတ်နဲ့ ရေကစားကြတယ်လို့ လူကြီးသူမတွေရဲ့ ပါးစပ်ရာဇဝင်အရ သိခဲ့ရပါတယ်။ အမြို့မြို့အနယ်နယ်ကနေ လာရောက်ကြပြီး ဘုရားဖူးကြ၊ ရေကစားကြနဲ့မို့ အလွန်စည်ကားသိုက်မြိုက်လျက်ရှိပါတယ်။

ရိုးဂိုးဆံတော်ရှင်ဆုတောင်းပြည့်ဘုရားရဲ့ ဘုရားပရိဝုဏ်အတွင်းမှာ ဘုရားဖူးသူ၊ ရေကစားသူတွေနဲ့ ပြည့်ညပ်နေသလို စားသောက်ဆိုင်တန်းတွေ၊ အရောင်းဆိုင်တွေကလဲ ဘုရားဝင်းရဲ့ပြင်ပနေရာလွတ်တွေမှာ ပြည့်သိပ်လို့နေပါတယ်။ ဒါတင်မကသေးပါဘူး။ ရိုးဂိုးရွာသူ၊ ရွာသားတွေရဲ့ စုပေါင်းအလှူဒါနတစ်ခုဖြစ်တဲ့ မွန်ရိုးရာသင်္ကြန်ထမင်းကို စတုဒိသာကျွေးမွေးကြတာပဲဖြစ်ပါတယ်။ မွန်ရိုးရာသင်္ကြန်ထမင်းဆိုတာက ငါးခြောက်ကိုနှူးအောင်ဖြုတ် ညက်အောင်ထောင်း။ ခြစ်နဲ့ခြစ်ထားတဲ့သရက်သီးရယ်၊ ကြက်သွန်နီလေး စိတ်ကွဲရယ်ကို ဆီသတ်ပြီး ငါးခြောက်နဲ့ရောကြော်ပြီးမှ ပြုတ်ထားတဲ့ထမင်းကို ဖယောင်းအနံ့သွင်းထားတဲ့ရေနဲ့ ဆမ်းစားရတာပါ။ ဒ့ါပြင် ငရုတ်သီးတောင့်ကို ကြွပ်အောင်ကြော်ပြီး ကိုက်စားကြတယ်။ သင်္ကြန်ထမင်းလေး စားလိုက်၊ ငရုတ်သီးတောင့်လေးကိုက်လိုက်၊ ဖယောင်းအနံ့သွင်းထားတဲ့ ရေခဲရေကို ထမင်းပြုတ်မှာဆမ်းစားလိုက်နဲ့ ခံတွင်းတွေ့စရာ မွန်ရိုးရာသင်္ကြန်ထမင်းကို မောမောနဲ့စားကြရင်း ရိုးဂိုးသင်္ကြန်ကိုဆင်နွှဲကြပါတယ်။

အထူးခြားဆုံးနောက်တစ်ခုကတော့ ဖျော်ဖြေရေးစင်မြင့်ပဲဖြစ်ပါတယ်။ သင်္ကြန်မှာ သောက်စားမူးယစ်ပြီး စင်ရှေ့မှာ လာရောက်ကခုန်သူ ယိမ်းသမတွေကို နှောင့်ယှက်သူတွေရန်နဲ့ စတိတ်စင်ကို အလွယ်တကူ ရေနဲ့လှမ်းပက်ခွင့်မရစေဖို့ကို ရည်ရွယ်ပြီး စတိတ်စင်ကို သာမန်စင်တွေထက် နှစ်ဆပိုမြင့်အောင် ဆောက်လုပ်ထားတာကို တွေ့မြင်ရပါတယ်။ ဘယ်သူမှ စတိတ်စင်ပေါ်က ယိမ်းသမတွေကို နှောင့်ယှက်လို့ မရကြတော့ပါဘူး။

နေ့ပျော်ညပျော်နဲ့ အပျော်တွေဆက်ခဲ့တဲ့ သင်္ကြန်ရက်တွေက တစ်သက်မမေ့နိုင်စရာအဖြစ် ရင်ထဲစွဲကျန်စေခဲ့ပါတယ်။ မြန်မာ့ရိုးရာသင်္ကြန်ကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပျော်ရွှင်ခဲ့တဲ့ အဲဒီခေတ်ကာလကို အသက်အရွယ်ကြီးရင့်လာတဲ့ထိ မမေ့ပျောက်နိုင်ဘဲ ရင်ထဲစွဲကျန်ရစ်နေဆဲပါပဲ။ သင်္ကြန်ရက်ရဲ့ပျော်ရွှင်မှု အတိုင်းအတာတွေက သင်္ကြန်ငါးရက်ပြီးဆုံးသွားပေမဲ့လဲ ရက်ပေါင်းများစွာခံစားလို့မပြီးနိုင် သင်္ကြန်ဝေဒနာက ရင်ဘတ်ထဲ၊ နှလုံးအိမ်ထဲမှာ စွဲကျန်ရစ်စေခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုး၊ အပျော်မျိုးတွေပြန်မရခဲ့တာလဲ နှစ်တွေကြာညောင်းခဲ့ပါပြီ။ ဘယ်လိုပဲဖြစ်စေကာမူ အသက်ရွယ်တွေရလာခဲ့ပေမဲ့လဲ ငယ်စဉ်အတိတ်ဘဝရဲ့ လွတ်လပ်ပေါ့ပါး အနှောင်အဖွဲ့ထိန်းချုပ်မှုကင်းကင်းနဲ့ ပျော်ရွှင်စွာရေကစားပျော်ပါးခဲ့ကြတဲ့ အတိတ်သင်္ကြန်ကတော့ အရိပ်သဏ္ဍာန်နဲ့အတူ အသက်ရှင်နေသမျှတော့ လွမ်းကျန်ရစ်နေအုံးမည်သာ ဖြစ်ပါတယ်။

❖ နေ့ပျော်ညပျော်နဲ့ အပျော်တွေဆက်ခဲ့တဲ့ သင်္ကြန်ရက်တွေက တစ်သက်မမေ့နိုင်စရာအဖြစ် ရင်ထဲစွဲကျန်စေခဲ့ပါတယ်။ မြန်မာ့ရိုးရာသင်္ကြန်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပျော်ရွှင်ခဲ့တဲ့ အဲဒီခေတ်ကာလကို အသက်အရွယ်ကြီးရင့်လာတဲ့ထိ မမေ့ပျောက်နိုင်ဘဲ ရင်ထဲစွဲကျန်ရစ်နေဆဲပါပဲ။ သင်္ကြန်ရက်ရဲ့ပျော်ရွှင်မှုအတိုင်းအတာတွေက သင်္ကြန်ငါးရက်ပြီးဆုံးသွားပေမဲ့လဲ ရက်ပေါင်းများစွာခံစားလို့မပြီးနိုင် သင်္ကြန်ဝေဒနာက ရင်ဘတ်ထဲ၊ နှလုံးအိမ်ထဲမှာ စွဲကျန်ရစ်စေခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုး၊ အပျော်မျိုးတွေပြန်မရခဲ့တာလဲ နှစ်တွေကြာညောင်းခဲ့ပါပြီ။ ❖

**ကိုးကား**

– **ဦးကုလားရာဇဝင်(မြန်မာ့စွယ်စုံကျမ်း)**

# ကလေးခရိုင်တွင် နွေစပါး ၃၈၅၇ ဧက စိုက်ပျိုးပြီးစီး

**ကလေး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် နွေစပါး ၃၈၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၃၉၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၃၈၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာ နွေစပါးဧက ၃၉၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ နွေစပါးဧက ၃၈၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်မစိုက်တော့ဘူး။ ကွင်းပိတ်သွားပါပြီ။ လျာထားချက်မပြည့်မီပါဘူး။ နွေစပါးစိုက်ပျိုးရာမှာလဲ စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် နွေစပါးဧက စိုက်ပျိုးနိုင်မှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၈၇ ဧက၊ ကလေးဝမြို့နယ်တွင် ခုနစ် ဧက၊ မင်းကင်းမြို့နယ်တွင် ၃၅၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရန်လျာထားမှု အနေဖြင့် ကလေးမြို့နယ်တွင် ဧက ၃၂၀၊ ကလေးဝမြို့နယ်တွင် ၄၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၃၅၆၃ ဧက စိုက်ပျိုးရန်လျာထား ကြောင်း သိရသည်။

ပြီးခဲ့သည့် နွေသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် နွေစပါး ၃၉၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈၆ ဒသမ ၁၈ တင်း ထွက်ရှိခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။ (၂၀၆)



# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၅၂၇၀ ဖိုး ဆောင်ရွက်နိုင်ခဲ့




**နေပြည်တော် မေ ၁၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၅၂၇၀ ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မေ‌ာတောင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း စသည့်နယ်စပ်ကုန်သွယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အဆိုပါမြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၅၂၇၀ ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

“မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုကတော့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းမှာ မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေးစခန်းအသီးသီးက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၅၂၇၀ ဖိုးဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မြဝတီနယ်စပ်ဂိတ်အနေနဲ့ အမေရိကန်ဒေါ်လာသန်း ၂၀၃၀၊ ထီးခီးနယ်စပ်ဂိတ်အနေနဲ့ အမေရိကန်ဒေါ်လာ ၂၀၇၂ သန်း၊ တာချီလိတ် နယ်စပ်ဂိတ်အနေနဲ့ အမေရိကန်ဒေါ်လာ ၁၄၈ သန်း၊ ကော့သောင်းနယ်စပ်ဂိတ်အနေနဲ့ အမေရိကန်ဒေါ်လာ ၂၂၄ သန်း၊ မြိတ်နယ်စပ်ဂိတ်အနေနဲ့ အမေရိကန်ဒေါ်လာ ၁၃၂ သန်းကျော်၊ မော်တောင် နယ်စပ်ဂိတ်အနေနဲ့ အမေရိကန်ဒေါ်လာ ၁၆ သန်း၊ မယ်စဲ့နယ်စပ်ဂိတ်အနေနဲ့ အမေရိကန်ဒေါ်လာ ၆၄၈ သန်းဖိုး ဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ ကုန်သွယ်ရာမှာ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်နဲ့ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတို့ကနေ ကုန်သွယ်မှုအများဆုံး ပြုလုပ်ထားတာလဲဖြစ်ပါတယ်”ဟု ဒေါ်ချိုသက်မူက ပြောပြသည်။

ASH

# ရေဦးခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၂၂၆ ဧက စိုက်ပျိုးပြီးစီး

**ရေဦး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၉၂၂၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် နွေနှမ်း ၁၂၁၃၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၂၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ရေဦးခရိုင်မှာ ဒီနှစ် နွေနှမ်းသီးနှံဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ နွေနှမ်းဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ နွေနှမ်းသီးနှံဧကလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နွေနှမ်းစိုက်ပျိုးမှုက တိုးတက်မှုရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ယခုနှစ် ရေဦးခရိုင် နွေနှမ်းဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် တန့်ဆည်မြို့နယ်တွင် ၁၉၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၉၀၃၁ ဧကဖြစ်ကြောင်း၊ နွေနှမ်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၆၈၂ ဧက၊ တန့်ဆည်မြို့နယ်တွင် ၁၈၉ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၉၂၆၈ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်အတွင်း နွေနှမ်းစိုက်ပျိုးမှုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ချောက်မြို့နယ် ငွေးပင်ကွက်သစ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် မေ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဘေးကင်းလုံခြုံသော သောက်သုံးရေရရှိရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ချောက်မြို့နယ် ငွေးပင်ကျေးရွာအုပ်စု ငွေးပင်ကွက်သစ်ကျေးရွာ၌ JICA စီမံကိန်းပံ့ပိုးမှုဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့်ဝန်ထမ်းများက သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ငွေးပင်ကွက်သစ်ကျေးရွာ၌ အနက်ပေ ၁၅၂၀ စက်ရေတွင်းတူးဖော်ပြီး တွင်းဆေးလေမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာကို ရေကြည်သည်ထိ တွင်းဆေးလေမှုတ်ခြင်းကို စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ငွေးပင်ကျေးရွာအုပ်စု ငွေးပင်ကွက်သစ်ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၁၅၂၀ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို JICA စီမံကိန်းပံ့ပိုးမှုဖြင့်လည်းကောင်း၊ ဂါလန် ၅၀၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့်ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၂၀၊ လူ ၁၆၀၅ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၁-၆-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၈၆၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၃၈၀၀၀ |
| **(ရွှေထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၆၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"



ရတနာပုံ ခန်းမ





**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။



ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

DENTOMEC

FDA အမှတ်-1907 PC 0040





ဖြန့်ချိရေးအရောင်းဌာန - ဖုန်း- ၀၉ ၆၉၄၄၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မလှိုင်မြို့၊ အမှတ်(၇)ရပ်ကွက်နေ (အဘ) ဦးအောင်ခင် - (အမိ) ဒေါ်ကြည် တို့၏သား **ဦးညီညီအောင် (၉/မလန(နိုင်)၀၀၂၀၈၀)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် (၄-၄-၂၀၂၃)ရက်နေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စမှန်သမျှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအောင်ခင်-ဒေါ်ကြည်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်...

❖ MSMEလုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်...

❖ ဒေသမှ ထွက်ရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၁၁ ရက်တွင်ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ **စာမျက်နှာ ၁၉ ကော်လံ ၄**☆

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257